## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

## (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဆုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၅-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၁ ဦး စုစုပေါင်း ခွင့်ပန်ကြား ထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါကိုယ်စားလှယ်များရဲ့

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး ယနေ့ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော်မဲဆန္ဒနယ်က မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထု ပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးလဂန်ဇယ်ဂျုံးတင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)နှင့် နည်းဥပဒေခွဲ(ဂ)တို့အရ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၂၃

ဦးရှိပါတယ်။ ပထမဦးစွာ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကိုယ်စားလှယ်တစ်ဦးလျှင် ခြောက်မိနစ်အတွင်း ပြီးအောင်ဆွေးနွေးဖို့ ကြိုတင်ပြောကြားလိုပါတယ်။ ဒါကြောင့် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်က စတင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေး ကြီးအဆိုကို ထောက်ခံအကြံပြုဆွေးနွေးမယ့် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ဖြစ်ပါတယ်။ မူးယစ် ဆေးဝါးပြဿနာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို ဆိုးဆိုးရွားရွားနှိပ်စက်နေတဲ့ပြဿနာ ဖြစ်သလိုပဲ ကျွန်တော်တို့ ကချင်ပြည်နယ်မှာရှိတဲ့ မြို့နယ်အသီးသီးက မိသားစုများကိုလည်း ဆိုးဆိုးရွားရွားဖိစီးနှိပ်စက်နေတာ ဖြစ်ပါတယ်။ မြို့နယ်အသီးသီးမှာရှိတဲ့ လူငယ်၊ လူလတ်အများစုဟာ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးစွဲလျက်ရှိနေကြပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှု အဆမတန်များပြား နေခြင်းကို လေ့လာကြည့်ပါက အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ဈေးနှုန်းချိုသာခြင်းတို့ကိုတွေ့ရမှာ ဖြစ်ပါတယ်။ အလွယ်တကူဝယ်ယူရနိုင်ခြင်းကြောင့် လူငယ်တို့သဘာဝ စူးစမ်းလိုစိတ်နဲ့ စမ်းသပ်ရာမှ မူးယစ်ဆေးရဲ့ သားကောင်များ ဖြစ်ကုန်ကျတဲ့အပြင် ဈေးပေါပေါနဲ့ရရှိနိုင်တာကြောင့်လည်း တစ်ဦးတစ်ယောက်မှ အစပြုပြီး အုပ်စုလိုက်သုံးစွဲကြတဲ့အထိ ရောက်ရှိကုန်ကြတာဖြစ်ပါတယ်။ ငွေကျပ် ၁၀၀၀ လောက်ရှိရုံနဲ့ မူးယစ်ဆေးသုံးနိုင်ပြီး သုံးစွဲသူလက်ဝယ် အရောက်ပို့တဲ့စနစ်နဲ့ ဖြန့်ဖြူးနေကြတာကြောင့်လည်း မူးယစ်ဆေးသုံးစွဲသူဟာ ပိုမိုတိုးပွားလာလျက်ရှိနေပါတယ်။ ယခုဆိုရင် မူးယစ်ဆေးဈေးကွက်ဟာ ကျွန်တော်တို့ အထက်တန်း၊ အလယ်တန်းကျောင်းတွေအထိ ဈေးကွက်ချဲ့ထွင်လာနေတာလည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်များမှာ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

မိုးကောင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုတစ်ခုမှာ ပုံမှန်ဖျက်ဆီးနေရတဲ့ ဆေးထိုးအပ်၊ ဆေးထိုပြွန်များပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မြို့နယ်အတွင်းမှာရှိတဲ့ ရဲစခန်းအသီးသီးက ဖမ်းဆီးရမိမှု မူးယစ်ဆေးအမှုများပဲဖြစ်ပါတယ်။ ပြီးတော့ ဖမ်းဆီးရမိတဲ့မူးယစ်ဆေး အလေးချိန်တန်ဖိုးများကို ဖော်ပြတဲ့ စာရင်းဇယားများပဲဖြစ်ပါတယ်။ အထက်ပါဖော်ပြချက်များကို လေ့လာသောအားဖြင့်

ရောင်းဝယ်ဖောက်ကားမှုနဲ့ ဖမ်းဆီးရမိတဲ့အချိုးဟာ အလွန်ကွာဟနေတာကိုလည်း လေ့လာတွေ့ရှိနိုင်ပါတယ်။ နောက်ပြီးတော့ တန်ဖိုးငွေ ၁၀ သိန်းအထက် ဖမ်းဆီးရရှိမှုဟာ ရှစ်မှုသာရှိပြီးတော့ တစ်သောင်းအောက်ဖမ်းဆီးရမိမှုဟာ ခြောက်မှုတွေ့ရှိနေတာကို ကြည့်ခြင်းအားဖြင့် ဟန်ပြလောက်ပဲဖမ်းဆီးအရေးယူနေကြကြောင်း သုံးသပ်နိုင်တာ ဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်သူများ ဖမ်းဆီးနိုင်ရေးအတွက် သတင်းပေးတိုင်ကြားကြပေမယ့် အဆင့်ဆင့်သော လာဘ်ပေးလာဘ်ယူမှုများကြောင့် နှိမ်နင်းနိုင်ရန်အတွက် ခက်ခဲနေဆဲပဲဖြစ်ပါတယ်။ တရားရုံးစရိတ်၊ ဆေးစစ်ချက်စရိတ်၊ ထောင်စရိတ်တွေကို ကာမိစေရန်အတွက် ကျန်ရစ်တဲ့မိသားစုများဟာ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်နဲ့ ဆတိုးရောင်းချနေကြတာကိုလည်း တွေ့မြင်နေရပါတယ်။ ဖမ်းဆီးရမိမှုအများစုဟာ အသေးအဖွဲ့တွေသာဖြစ်ပြီး အကြီးအကျယ်ဖြန့်ချိနေသူတွေကို ဖော်ထုတ်အရေးယူနိုင်ခြင်းမရှိတဲ့အတွက်လည်း ပင်စည်ကြီးကိုမခုတ်လှဲနိုင်ဘဲ ကိုင်းဖျားကိုင်းနားချိုးတဲ့အဆင့်လောက်သာ တွေ့နေရပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးနိုင်ရေးကူညီကြတဲ့ ပြည်သူတွေအနေနဲ့ကတော့ တရားရုံးမှာသက်သေလိုက်ရတဲ့အတွက် ငွေကုန်လူပမ်း အလုပ်ပျက်ကြတာပဲအဖတ်တင်ပြီး ရောင်းဝယ်သူများက လာဘ်ပေးခြင်းများ၊ ထောင်လျှော့ရက်များ၊ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အချိန်တိုအတွင်း လွတ်မြဲ၊ ရောင်းဝယ်ဖောက်ကားမြဲ ဖြစ်နေတာကိုလည်း တွေ့နေရပါတယ်။ ဒီလိုဖြစ်စဉ်တွေကြောင့်ပဲ လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းပြီးတော့ မူးယစ်ဆေးဝါးလျှော့နည်းပပျောက်စေရေးအတွက် ကိုယ်ထူကိုယ်ထဆောင်ရွက်လာကြတာလည်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင် မုန့်လုံးစက္ကူကပ်သလိုဖြစ်နေတဲ့ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသုံးစွဲခြင်းများအပေါ် အရေးယူဆောင်ရွက်တဲ့အခန်းကဏ္ဍများရဲ့ အားနည်းချက်များဟာ နိုင်ငံတော်ရဲ့တရားဥပဒေစိုးမိုးရေး ဂုဏ်သိက္ခာများကို ထိခိုက်ညှိုးနွမ်းစေတဲ့အတွက် မူးယစ်ဆေးဝါးပြဿနာအဆင့်ဆင့်ဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဝယ်ယူသုံးစွဲခြင်း၊ ဖမ်းဆီးနှိမ်နင်းခြင်းစတဲ့ အဆင့်တိုင်းအဆင့်တိုင်းမှာ အသိပညာပေးခြင်း၊ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို စနစ်တကျလုပ်ဆောင်သွားဖို့လိုအပ်မှာဖြစ်ကြောင်း အကြံပေးလိုပါတယ်။ ဒီနေ့မနက် ၉ နာရီခွဲအချိန်မှာ ဖုန်းဆက်သတင်းပေးချက်အရပဲ ဝိုင်းမော်မြို့နယ်၊ မဂါးရွာနှင့် ထန်မွန်းခမ်းရွာကြားမှာ မိုင်းပေါက်ကွဲလို့ ဘိန်းစိုက်ခင်းဖျက်တဲ့အဖွဲ့က လူ ၁၄ ဦးခန့် ဒဏ်ရာရရှိကြောင်းလည်း ကြားသိရပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူများစိုးရိမ်ကြောင့်ကြလျက်ရှိတဲ့ အမျိုးသားရေးအန္တရာယ်ကြီးဖြစ်တဲ့ မူးယစ်ဆေးဝါးပပျောက်ရေးနှိမ်နင်းမှုလုပ်ငန်းများအား နိုင်ငံတော်အဆင့်မှ အထူးကြပ်မတ်၍ ပံ့ပိုးကူညီသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရင်း ဦးလဂန်ဇယ်ဂျုံး၏အဆိုအား ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဖားကန့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့အဆိုကို အပြုသဘောဖြည့်စွက်အကြံပေးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာလည်း ကျွန်တော့်ရဲ့ကိုယ်တွေ့မျက်မြင်အနေအထားပေါ်မှာ အခြေခံပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ရိုက်ထားတဲ့ဓာတ်ပုံများကို Power Point နဲ့ ဖော်ပြခွင့်ပြုပါခင်ဗျား။ အခု အဲဒီပုံတွေထဲမှာမြင်ရတဲ့ အနေအထားကတော့ မူးယစ်ဆေးဝါးဖြစ်တဲ့ ဘိန်းဖြူနဲ့ ရာမတွေကိုတရားဝင် ခွင့်ပြုချက်ရထားသကဲ့သို့ ဈေးတန်းကြီးသဖွယ် တဲအလုံးပေါင်း ၆၀ ခန့်နဲ့ ရောင်းချနေပုံ ဖြစ်ပါတယ်။ ရဲစခန်းနဲ့ကိုက် ၂၀၀ အကွာအဝေးမှာပဲရှိပါတယ်။ အခုလို ဈေးတန်းများကဲ့သို့ မူးယစ်ဆေးဝါးရောင်းချနေမှု များဟာ ဖားကန့်မြို့နယ်အတွင်းမှာ ကျေးရွာတိုင်းလိုလို၊ မှော်တိုင်းလိုလိုမှာ များစွာရှိနေပါတယ်။ အဓိကသုံးစွဲသူများကတော့ မြန်မာနိုင်ငံတစ်နံတစ်လျားမှ ရောက်ရှိလာပြီးတော့ ကြီးမားတဲ့ ရည်မှန်းချက်တွေနဲ့ ရေမဆေးကျောက်ရှာဖွေနေသူ လူငယ်၊ လူလတ်အများစု ဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် ရေမဆေးနဲ့ကုမ္ပဏီအလုပ်သမားများ၊ ဒေသခံလူငယ်များ စုစုပေါင်းရှစ်သောင်းခန့်ဟာ မူးယစ်ဆေးဝါးရဲ့ကျေးကျွန်ဖြစ်လျက်ရှိနေပါတယ်။ မူးယစ်ဆေးဝါးဆိုတဲ့နေရာမှာ ငှက်ပျောရွက်နဲ့ ဘိန်းမဲရောစပ်ပြီး ရှူရတဲ့အရာ ဒေသအခေါ် ခက်ပုံလို့ခေါ်တဲ့အရာရယ်၊ ဘိန်းဖြူနဲ့ရာမတွေဟာ အဓိကဖြစ်ပါတယ်။ ခက်ပုံပြုလုပ်သုံးစွဲတဲ့နေရာမှာ ဘိန်းမဲဈေးနှုန်းမြင့်တက်ခြင်း ချက်လုပ်သုံးစွဲရခြင်းများကြောင့် ငွေကြေးအရ သက်သာပြီး အချိန်မကုန်တဲ့ဘိန်းဖြူကို သုံးစွဲသူပိုမိုများပြားလှပါတယ်။ မူးယစ်ဆေးဝါးကို ဈေးတန်းသဖွယ်ရောင်းချတဲ့နေရာမှာ အဓိကရောင်းချသူ ဒိုင်ဆိုတာရှိပါတယ်။ အဲဒီဒိုင်ဆိုသူများဟာ ၎င်းတို့နဲ့ဆက်စပ်ပတ်သက်တဲ့ အာဏာပိုင်အဖွဲ့အစည်းများကို များပြားလှ

တဲ့လိုင်းကြေးတွေပေးပြီး မူပိုင်ရောင်းချရတယ်ဆိုတာ ၎င်းတို့ရဲ့ပြောပြချက်အရ ကျွန်တော်သိရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျူးတင်ပြဆွေးနွေးသွားတဲ့အထဲမှာ အဓိကမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ရဲ့အမည် မပါရှိပါဘူး။ အဲဒီအဖွဲ့ဟာ ဒီနေ့ Facebook နဲ့ သတင်းတွေပေါ်မှာ နာမည်ကြီးနေတဲ့ ကချင်လို Pat Jasan လို့ခေါ်တဲ့ လူထုအခြေပြု ကချင်နှစ်ခြင်းအသင်းတော်က ဦးဆောင်ဖွဲ့စည်းထားတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ပဲဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်တွေ့အရ ဒီအဖွဲ့ရဲ့ အဓိကအောင်မြင်မှုကိုပြောရမယ်ဆိုရင် ၁-၇-၂၀၁၅ ခုနှစ်က လုံးခင်းကျေးရွာအုပ်စု၊ အောင်လံကျေးရွာမှာနေထိုင်တဲ့ မူးယစ်ဆေးဝါးလက်လီ/လက်ကား သုံးနှစ်ခန့်ရောင်းချနေသူ နာမည်ကြီးတဲ့ ဒေါ်ကိုင်ရာဆိုသူရဲ့နေအိမ်ကို ၎င်းတို့အဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ရှာဖွေရာမှာ ရာမအပြား သုံးသိန်း၊ ဘိန်းဖြူဆပ်ပြာခွက် ၄၁၅ ခွက်၊ ပင်နီဆလင်ပုလင်းနဲ့ထည့်လျက်ဘိန်းဖြူ ၆၀၀ ပုလင်း၊ အအေးစုပ်တဲ့ ပလပ်စတစ်ပိုက်ထဲမှာထည့်ပြီးသား ဘိန်းဖြူနဲ့ရာမ ၂၃၀၀ ခုနှင့် ကားနှစ်စီးတို့ကို ၎င်းမူးယစ်ဆေးဝါးရောင်းချသူများအသုံးပြုတဲ့ နေ့စဉ်မှတ်တမ်းစာအုပ်နှင့်အတူ Pat Jasan အဖွဲ့က ဖမ်းဆီးပြီး ရဲစခန်းသို့ပို့ဆောင်အပ်နှံနိုင်ခဲ့ပါတယ်။ အခြားသောမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများစွာ ရှိခဲ့ပါတယ်။ အဲဒီသိမ်းဆည်းရမိတဲ့မှတ်တမ်းစာအုပ်ထဲမှာ ၎င်းတို့နဲ့ဆက်စပ်ပတ်သက်တဲ့ ဌာနဆိုင်ရာ အမည်၊ ရာထူး၊ ပေးရငွေများကို အတိအကျမှတ်သားထားတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီရှင်းတမ်းထဲမှာ ၅၈ ရက်အတွက် စုစုပေါင်း လိုင်းကြေးပေးရငွေစုစုပေါင်းဟာ သိန်းပေါင်း ၅၆၈၅၀၀၀၀ ရှိနေတာကိုလည်း တွေ့ရတဲ့အတွက် တစ်ရက်ကိုလိုင်းကြေးသိန်းတစ်ရာခန့်ရှိနေတာကိုလည်း အံ့ဩစွာတွေ့ရပါတယ်။ ရောင်းကြေးကလည်း တစ်ရက်ကို သိန်း ၃၀၀ ခန့်ရှိတယ်လို့ ပြောပြချက်တွေအရ သိရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ဌာနဆိုင်ရာများရဲ့ အဂတိလိုက်စားမှုကိုလည်း ထိရောက်စွာအရေးယူသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ပတ်ဂျက်စံအဖွဲ့ဟာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လို့ရှိရင် မူးယစ်ဆေးဝါးရောင်းချသူများကို ကြိုတင်သတိပေးသကဲ့သို့ ဖြစ်မှာစိုးတဲ့အတွက် ၎င်းတို့ဘာသာ သီးသန့်ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ပြောပြချက်များအရ သိရပါတယ်။ မူးယစ်ဆေးဝါးတရားမဝင်ရောင်းချတဲ့ဝင်ငွေဟာ မက်လောက်စရာရှိနေတာလည်း မူးယစ်ဆေးဝါး

ပပျောက်စေရန် ဟန့်တားနေတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများဟာ မိမိတို့ ကိုယ်တိုင်တစ်ဆင့် လက်လီဖြန့်ဖြူးရောင်းချပြီး ရရှိတဲ့အမြတ်ကို သုံးစွဲနေခြင်းအားဖြင့် အလွယ်တကူ နေရာတိုင်းမှာ ရရှိနိုင်စေပါတယ်။ အချို့သောရောင်းချသူများဟာ ငွေကြေးစုဆောင်းပြီးလို့ လိုင်းပြောင်းချင်သော်လည်းပဲ ဖိအားဆက်လက်ပေးပြီးတော့မှ ရောင်းချခိုင်းခြင်းများရှိနေတယ်လို့ လည်းသိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများကြောင့် နေ့စဉ်လိုလိုဖောက်ထွင်းခိုးယူမှုများ၊ လုယက်မှုများ၊ အများအားဖြင့် ရေမဆေးတွေရဲ့ဆိုင်ကယ်တွေဟာ တစ်ရက်လျှင် ငါးစီးနဲ့အထက် ခိုးယူခံရမှုများ၊ မူးယစ်ဆေးဝါးရှော့ဖြစ်ပြီး သေဆုံးမှုများ၊ လူမှုရေးပြဿနာများဟာ မကြားချင်၊ မမြင်ချင်အဆုံး ဖြစ်နေပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ကျန်းမာရေးဝန်ကြီးဌာနပူးပေါင်းပြီး မူးယစ်ဆေးအစားထိုး မက်သဒုံးတိုက်ကျွေးရေးစီမံချက်များ၊ HIV/AIDS စီမံချက်များ၊ မူးယစ်ဆေးသုံးစွဲသည့်ဝေဒနာရှင်များ လူ့ဘောင်အတွင်းသို့ လူကောင်းတစ်ယောက်အဖြစ် ပြန်လည်ရောက်ရှိလာစေရေး ပြုစုပျိုးထောင်မှုများရှိနေသော်လည်းပဲ လိုအပ်ချက်များရှိနေဆဲပဲဖြစ်ပါတယ်။ ကျွန်တော်အခုပြောတဲ့အချက်တွေထဲမှာ ကချင်လူထု ပတ်ဂျက်စံအဖွဲ့ဟာ လူ့အခွင့်အရေးကိစ္စတွေ ပြည်သူလူထုတစ်ရပ်လုံးပါဝင်ဖို့ ဥပဒေလေးစားဖို့ပါဝင်တဲ့အချက်တွေမှာ အားနည်းနေတာကို တွေ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့်တင်ပြရရင် Pat Jasan လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဟာ ဘိန်းခင်းများကိုဖျက်ဆီးခြင်းဟာဆိုလို့ရှိရင် တစ်မျိုးသားလုံးရဲ့ အန္တရာယ်ကိုဖျက်ဆီးခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှကောင်းမွန်တဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။ အဖွဲ့မှာပါဝင်တဲ့လူတွေကို စိစစ်ရွေးချယ်တာဝန်ပေးခြင်း၊ တရားဥပဒေရေးရာများ၊ လူ့အခွင့်အရေးဆိုင်ရာများကို လေးစားလိုက်နာအောင် သင်တန်းပေးပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အသွင်ပြောင်းလဲလှုပ်ရှားသင့်ပါကြောင်း အကြံပြုတင်ပြရင်း ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့အဆိုကို ထောက်ခံအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်သို့ တက်ရောက်လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဖြစ်ပါတယ်။ ၂၄-၂-၂၀၁၆ ရက်နေ့တွင် ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးလဂန်ဇယ်ဂျူး တင်သွင်းသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်သော အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအဆိုအရဆိုရင် ကျွန်တော်တို့နိုင်ငံမှာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော လူသားအရင်း အမြစ်ကိုထိခိုက်စေသည့် ဘိန်းစိုက်ခင်းများ ဧကပေါင်း မြောက်မြားစွာရှိနေခြင်းသည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိခိုက်စေသည့်အပြင် ကမ္ဘာ့နိုင်ငံအချင်းချင်းဆက်ဆံရာတွင် များစွာထိခိုက်နစ်နာရပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်တွင် လူငယ်အများစုမူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့မှာ တိုက်ရိုက်ဆက်စပ်နေကြောင်းကိုလည်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်တို့သည်အလုပ်လက်မဲ့ပြဿနာကြောင့် နီးစပ်ရာ တရားမဝင်သစ်လုပ်ငန်းများကို လုပ်ဆောင်နေကြရာ တစ်ဖက်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာကြသော သစ်ကုန်သည်များက ကျွန်းသစ်များကို ဒေသပေါက်ဈေးအဖြစ် တစ်တန်လျှင် လေးသိန်းဝန်းကျင်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်လဲလှယ်၍လည်းကောင်း၊ ငွေစက္ကူအတုများဖြင့်လည်းကောင်း ရောင်းဝယ်လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိရပါတယ်။ ၎င်းနယ်မြေတွင် တရားဥပဒေကလည်းမစိုးမိုးနိုင်ပါ။ တရားဝင်လုပ်ငန်းဖြစ်နေခြင်းကြောင့်စားဝတ်နေရေးခက်ခဲမှုကြောင့်သာ လုပ်ကိုင်ရခြင်းကြောင့် အခြားနိုင်ငံမှ တရားမဝင်သစ်ကုန်သည်များ၏ ဖိနှိပ်ခြင်းကို သစ်နှင့်မူးယစ် ဆေးဝါးလဲလှယ်မှုကြောင့် ကချင်ပြည်နယ်တစ်ပြည်နယ်လုံးနီးပါးဟာ မူးယစ်ဆေးဝါးကျိန်စာသင့်ခံနေရ ကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ၎င်းလူငယ်လူရွယ်တို့မှာ သစ်များသယ်ဆောင်ရာတွင် ညပိုင်း သယ်ဆောင်တာဖြစ်တဲ့အတွက် ညတွင်အိပ်မငိုက်အောင် ယာဘ(ခေါ်)စိတ်ကြွဆေးပြားများသုံးစွဲ၍ လုပ်ဆောင်ရသောကြောင့် မူးယစ်ဆေးဝါး၏သားကောင်များဖြစ်ရခြင်းနှင့် သစ်တောပျက်စီးခြင်းတို့မှာ တိုက်ရိုက်သက်ဆိုင်စေကာ မြေပါလည်းဆုံး၊ သားလည်းဆုံးဆိုတဲ့ ဘဝနဲ့အဆိုးသံသရာထဲသို့ ရောက်ရှိနေရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအရ ဘိန်းစိုက်ပျိုးခြင်းသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ် ထုတ်လုပ်ရာတွင် မူလထုတ်ကုန်ဖြစ်သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းလုပ်ငန်းမှာ မြန်မာနိုင်ငံသားသာမက လူသားတိုင်း၏ကြီးမားသော တာဝန်တစ်ရပ်ဖြစ်ပေသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတကာဆက်ဆံရေးအမြင်အရဆိုလို့ရှိရင် UN မှ ထုတ်ပြန်ကြေညာထားသော ခြိမ်းခြောက်မှုများထဲက လူသားချင်းဆိုင်ရာ

မူကြမ်း

လုံခြုံရေး (Human Security) အရ ကမ္ဘာတစ်ဝှမ်းလုံးနှင့် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက် ရေးတွင် ပူးပေါင်းပါဝင်လာသော ဒေသခံတိုင်းရင်းသားများကို ခြိမ်းခြောက် ဟန့်တားမည့်အစား သက်ဆိုင်ရာတာဝန်ရှိသူများက ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ သင်တန်းများပေးပို့ ခြင်းနှင့် စနစ်တကျ စည်ကမ်းတကျဖြစ်အောင် တာဝန်ခံပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၎င်းဒေသမှ တာဝန်ရှိသူတို့သည် အဆိုပါအတိုင်း လုပ်ဆောင်ချက်မျိုးတို့အား မိမိတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသကဲ့သို့ ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကိုလည်း မလေးမစားနှင့် ထိပါးသကဲ့သို့ ဖြစ်နေတာကိုလည်းတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ စိမ်းလန်းစိုပြေ လှပသော ကချင်ပြည်နယ်တွင် စကားကြီးတစ်ရပ်ကလည်း ထူးခြားစွာပေါ်ပေါက်လာပါတယ်။ အဲဒီ စကားရပ်ကတော့ ယခုအခါမှာ ကချင်ပြည်နယ်မှာ သစ်ငုတ်ရယ်၊ လမ်းစုတ်ရယ်၊ ဆိုင်ကယ်စုတ်ရယ်၊ ကားစုတ်ရယ်၊ လူစုတ်များသာ ကျန်ရှိနေတာကိုလည်း ဝမ်းနည်းစွာပြောဆိုနေကြတာ တွေ့ရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဝိုင်းမော်မဲဆန္ဒနယ် ဦးလဂန်ဇယ်ဂျုံး၏အဆိုကိုလည်း လေးလေးနက်နက် ထောက်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ တက်ရောက်သူများအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်ပါ။ ကျွန်တော့်အနေနဲ့ ဝိုင်းမော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးမှ ၂၄-၂-၂၀၁၆ ရက်နေ့ တင်သွင်းသည့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်ပတ်သက်၍ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် သုတေသနအဖွဲ့ရဲ့စစ်တမ်းအရ ကမ္ဘာ့အာရှနိုင်ငံများအနက် အာဖဂန်နစ္စတန်နိုင်ငံသည် ဘိန်းစိုက်ပျိုးထွက်ရှိမှု အများဆုံးနိုင်ငံဖြစ်သလို အရှေ့တောင်အာရှနိုင်ငံ မှာဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံဖြစ်နေကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေကို ပြန်ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော်တို့ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်

ဒေသဟာ ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်နေသည့် ပြည်နယ်တွေဖြစ်နေကြောင်းတွေ့ရမှာဖြစ်သလို မူးယစ်ဆေးဝါးသုံးစွဲမှုမှာလည်း အများဆုံး၊ ဈေးကွက်အနေဖြင့်လည်း အကြီးမားဆုံးနေရာဖြစ်နေပြီ ဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်နှစ်တိုင်း ဘိန်းမဲ့စိုက်ပျိုး ထုတ်လုပ်သည့်နေရာနှင့် စိုက်ခင်းဒေသရှိရာတွေကို အားလုံးသိတဲ့အတိုင်း တွေ့မြင်နေကြသလို နိုင်ငံတော်အစိုးရမှလည်း ဖျက်ဆီးခြင်း၊ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများကို နိုင်ငံတကာသံတမန်နှင့် ပြည်သူလူထုရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခြင်း၊ နည်းလမ်းမျိုးစုံဖြင့် တားဆီးကာကွယ်တိုက်ဖျက်နေ သော်လည်း လျော့နည်းခြင်းမရှိ ပို၍ပို၍သာ များပြားလာနေကြောင်း တွေ့ရှိရပါတယ်။ သာဓက အားဖြင့် လွန်ခဲ့သော ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ကားလမ်း ဘေးတစ်နေရာ၌ ရပ်ထားသော ကုန်တင်ကားကြီး ပေါ်မှ မူးယစ်ဆေးပြားအလုံးရေ ၂၆ သန်း ဖမ်းဆီး ရမိခြင်း၊ ကမ္ဘာပေါ်မှာ ဒုတိယအများဆုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိခြင်းမျိုးသည် အင်မတန် ကြောက်မက်စရာကောင်းသော လုပ်ရပ်ဖြစ်သလို၊ အင်မတန် အံ့ဩစရာကောင်းပြီး အမျိုးမျိုးတွေး စရာဖြစ်စဉ် တစ်ခုဖြစ်ခဲ့တာ အားလုံးကြားသိပြီးဖြစ်ပါတယ်။ ဒီလုပ်ရပ်ကို တွေးကြည့်တဲ့အခါမှာ လူဦးရေထူထပ်သော ရန်ကုန်တိုင်းဒေသကြီး၌ ဖြန့်ဖြူးရောင်းချရန် စီစဉ်တာလား၊ ဒါမှမဟုတ် ရန်ကုန်မြို့ကြီးမှာ အထိုင်လုပ်ပြီး နိုင်ငံအနှံ့ဖြန့်ဖို့ ရည်ရွယ်တာလားစသည့် အချက်များ အများကြီး တွေးစရာဖြစ်လာနေပြီဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဘိန်းထုတ်လုပ်ရောင်းချခြင်း၊ ဈေးကွက်နေရာများ သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များ၌ အများဆုံးဖြစ်နေပြီး ယခုအချိန်မှာတော့ မြန်မာနိုင်ငံရဲ့ နယ်နိမိတ် အရှေ့၊ အနောက်၊ တောင်၊ မြောက် ပြည်နယ်တိုင်းဒေသ၊ ပြည်မပါမကျန် သုံးစွဲသူနှင့် ရောင်းဝယ်ဖောက်ကားမှုဟာ တစ်နေ့တခြား ပျံ့နှံ့ရောက်ရှိလာနေပြီဖြစ်ကြောင်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးဆိုသောအရာသည် အသံမထွက်သော သေနတ်နှင့်အလားသဏ္ဍာန်တူနေပြီး လူကြီး လူငယ်မရွေး တစ်ယောက်ပြီးတစ်ယောက်ကို ဝင်ပူးသတ်နေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အင်မတန် အန္တရာယ်ကြီးမားခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးပြဿနာကို တစ်မျိုးသားလုံးရဲ့ ဘုံရန်သူအဖြစ် သတ်မှတ်ကာ ဝိုင်းဝန်းတိုက်ဖျက်ဖို့လိုအပ်နေပြီဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်တချို့၏ အမြင်ခံ ယူချက်မှာ မိမိသားသမီးများ မူးယစ်ဆေးဝါးသုံးစွဲသူမရှိ ပါဝင်ပတ်သက်ရန်လည်းမလို။ ဖမ်းဆီး တိုက်ဖျက်နေရင်လည်း ပပျောက်နိုင်မှာမဟုတ်ဘူးဆိုတဲ့ခံယူချက် တချို့ပုဂ္ဂိုလ်များက ငါနဲ့မဆိုင်

ငါပါစရာမလို ငါ့မိသားစုအဆင်ပြေရင်ပြီးရော။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်နေသဘောထားမျိုး ရှိနေသရွေ့တော့ ဘယ်သောအခါမှ ဖျက်သိမ်းအောင်မြင်နိုင်မှာ မဟုတ်ဘူးလို့ လေးလေးနက်နက် တင်ပြဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ဘိမ်းခင်းဧကပေါင်း ၄၀၀၀ ကျော်ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာလည်းပဲ ဘိမ်းခင်းဧက ၃၈၀၀ ကျော်ဖျက်ဆီးနိုင်ခဲ့ခြင်းသည် အင်မတန်လက်တွေ့ကျထိရောက်သည့်လုပ်ရပ်ဖြစ်ကြောင်း ထောက်ခံတင်ပြလိုပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တွေးကြည့်ရင် စိုက်ပျိုးထုတ်လုပ်သူတွေကလူတွေပဲ။ တစ်နည်းပြောရရင် ပြည်သူလူထုပဲ။ နောက်ပြီး ဥပဒေကြောင်းအရ တားဆီးဖမ်းဆီးတိုက်ဖျက်ရမည့်သူတွေကလည်း လူတွေပဲ။ ပြောရရင် အစိုးရပေါ့။ အဲဒါကြောင့် အုပ်ချုပ်သူအစိုးရဆိုတဲ့အဖွဲ့နှင့်ပြည်သူလူထုဆိုတဲ့အဖွဲ့နှစ်ရပ် ပူးပေါင်းဆောင်ရွက်ပြီး တိုက်ဖျက်ရင် မအောင်မြင်နိုင်စရာအကြောင်း မရှိဘူးလို့မြင်မိပါသဖြင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်သူလူထုအဖွဲ့အစည်းများနှင့် တက်ညီလက်ညီအားပေးပူးပေါင်းဆောင်ရွက်ပြီး တိုက်ဖျက်သင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းရင်း ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ အခုကျွန်တော် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော် ဦးလဂန်ဇယ်ဂျုံး တင်သွင်းသွားတဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဒီအဆိုကို ကျွန်တော်တို့ကြည့်မယ်ဆိုလို့ရှိရင် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရာတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်မှုများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ

အဖွဲ့သို့ လွှတ်တော်ကတိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုမှာ ကြည့်မယ်ဆိုလို့ရှိရင် ဘာဖြစ်လဲ ဆိုတဲ့အခါကြတော့ ကျွန်တော်တို့ ကချင်ဒေသမှာ ယနေ့ရင်ဆိုင်နေရတဲ့ ဘိန်းခင်းများကို တိုက်ဖျက် နေရာကနေမှ စတင်ပြီးတော့မှ ပေါ်ပေါက်လာတဲ့အဆိုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဆိုဟာ ဒီကချင်ဒေသ က ဘိန်းခင်းတွေဖျက်ဆီးရာနဲ့တင်မဆိုင်ဘဲနဲ့၊ ဒီဟာနဲ့တင်မကဘဲနဲ့ ဘာပါ ပါဝင်သလဲဆိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် မူးယစ်ဆေးဝါးပျံ့နှံ့နေမှုလည်းပဲ အကျုံးဝင်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

အဲဒီလို ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ စဉ်းစားပါတယ်။ ဘာလဲဆိုတော့ မူးယစ် ဆေးဝါးပျံ့နှံ့မှုမှာ အဓိကအားဖြင့် အဆင့်ငါးဆင့်ရှိပါတယ်။ အဆင့်(၁)ကတော့ စိုက်ပျိုးတဲ့အဆင့်ပါ။ အဆင့်(၂)က မူးယစ်ဆေးဝါးကို ထုတ်လုပ်တဲ့အဆင့်ဖြစ်ပါတယ်။ အဆင့်(၃)ကတော့ ဖြန့်ဖြူးတဲ့အဆင့် ဖြစ်ပါတယ်။ အဆင့်(၄)ကတော့ ရောင်းဝယ်တဲ့အဆင့်ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်(၅)ကတော့ နောက်ဆုံးသုံးစွဲသူ (End User) အဆင့်ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ အဓိကအားဖြင့် ဘာဖြစ်လို့ မူးယစ်ဆေးဝါးပျံ့ပွားမှုနှုန်းမြင့်မားနေရသလဲဆိုတာကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုလို့ ရှိရင် အဓိကအားဖြင့်တော့ မူးယစ်ဆေးဝါးနှိမ်နင်းရာမှာ End User ဖြစ်တဲ့ နောက်ဆုံးသုံးစွဲသူတွေကို သာ အဓိကအားဖြင့် ဖမ်းဆီးနေပြီးတော့မှ ရှေ့ကအဆင့်တွေဖြစ်တဲ့ ရောင်းဝယ်သူတွေကို တိတိကျကျ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိဘူး။ ဖြန့်ဖြူးသူတွေကိုလည်းပဲ မဖြတ်တောက်နိုင်ဘူး။ ထုတ်လုပ်သူတွေ ကိုလည်း မတားဆီးနိုင်ဘူး။ ဘိန်းခင်းတွေကိုလည်း လုံလောက်အောင် မဖျက်ဆီးနိုင်ဘူး။ ဒီလို အခြေအနေတွေ သွားတွေ့ရပါတယ်။ အဲဒီတော့ ပထမအဆင့်အနေနဲ့ ဘိန်းခင်းတွေကို ဖျက်ဆီးတဲ့ နေရာမှာ ပြည်သူလူထုတွေပူးပေါင်းပါဝင်မှုကို ကျွန်တော်တို့တစ်တွေ အစိုးရအနေနဲ့ အပြည့်အစုံ ကူညီပေးသင့်တယ်ဆိုတာကို လုံးဝထောက်ခံပါတယ်။ အဲဒီအပြင် ကျန်တဲ့ဘိန်းခင်းတွေမစိုက်တဲ့ ကောလင်းတို့လိုမြို့မျိုးတွေနဲ့ အခြားမြို့မျိုးတွေမှာဖြစ်နေတဲ့ အခြားပြဿနာတွေဖြစ်တဲ့ မူးယစ်ဆေးဝါး ပြန့်ပွားမှုပြဿနာတွေ ထိန်းချုပ်နိုင်အောင်ကတော့ ပြည်သူလူထုရယ်၊ အစိုးရအဖွဲ့အစည်းတွေရယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရယ်၊ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေရယ် ပူးပေါင်းပြီးတော့မှ အဖွဲ့တွေ ဖွဲ့ပြီးဆောင်ရွက်မှ အဆင်ပြေမယ်လို့ ကျွန်တော်တို့အနေနဲ့ ယူဆပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကောလင်းမြို့နယ်အနေနဲ့ကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာ မူးယစ်ဆေးဝါးမှု ၃၅ မှုရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ ခြောက်မှုရှိပါတယ်။ လက်ရှိအချုပ်ခန်းထဲမှာ ချုပ်ထားတာ ၂၂ ဦးရှိပါတယ်။ ဒါပေမဲ့ ဒီကိန်းဂဏန်းကိုကြည့်လိုက်လို့ရှိရင် အင်မတန်နည်းနေတယ်

မူကြမ်း

လို့ ထင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကောလင်းမြို့အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ပြည်သူလူထုအားလုံး သိပါတယ်။ ကောလင်းသူ ကောလင်းသားတွေအားလုံး သိပါတယ်။ မူးယစ်ဆေးဝါးဟာ တော်တော်များများသုံးစွဲနေကြပြီးတော့မှ စာသင်ခန်းတွေ၊ ကျောင်းသားတွေအဆင့်ထိအောင်ပါ သုံးစွဲနေကြတာကို တွေ့ရပါတယ်။ အဲဒီတော့ Reported ဖြစ်တဲ့ ကိန်းဂဏန်းတွေဟာ ရေခဲတုံး သီအိုရီလိုပဲ အပေါ်ယံသာမြင်ရပြီးတော့မှ နောက်ကွယ်မှာ ကြီးကြီးမားမားကျန်ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီမူးယစ်ဆေးဝါးဟာလည်းပဲ နိုင်ငံအနှံ့ကူးစပ်နေတဲ့နေရာမှာ တကယ်ကိုမှ ကူးစပ်နှုန်းမြင့်မားတဲ့ Virus ရောဂါပိုးလိုပဲ တစ်နိုင်ငံလုံးကို ခြိမ်းခြောက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ ပြန်လည်စစ်ဆေးကြည့်တဲ့အခါမှာ၊ ပြန်လည်လေ့လာကြည့်တဲ့အခါမှာ၊ မူးယစ်ဆေးဝါးကို ဘာဖြစ်လို့မနှိမ်နင်းနိုင်တာလဲလို့ ကြည့်တဲ့အခါမှာ အကြောင်းပေါင်းများစွာထဲက အဓိကအချက်သုံးချက်ကို ကျွန်တော် တင်ပြချင်ပါတယ်။ (၁)ကတော့ ရဲတပ်ဖွဲ့အင်အား မလုံလောက်မှုဖြစ်ပါတယ်။ တစ်မြို့နယ်၊ တစ်မြို့နယ် တာဝန်ကျတဲ့ရဲတပ်အင်အားတွေဟာ အခြားအမှုတွေကို ဆောင်ရွက်ရင်းနဲ့ မူးယစ်ဆေးဝါးကို နှိမ်နင်းရတဲ့နေရာမှာ ရဲတပ်ဖွဲ့အင်အား မလုံလောက်မှုကို တွေ့ရပါတယ်။ (၂)အချက်အနေနဲ့ကတော့ ဘာလဲဆိုတော့ ပြည်သူလူထုနဲ့ပူးပေါင်းဆောင်ရွက်မှု အားနည်းတဲ့အချက်ဖြစ်ပါတယ်။ အဲဒီတော့ ဌာနဆိုင်ရာတွေအနေနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းတဲ့နေရာမှာ ပြည်သူလူထုတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရမှသာလျှင် ကျွန်တော်တို့ တကယ်ထိထိရောက်ရောက်၊ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ အဓိကလည်း အရေးအကြီးဆုံးအချက်လို့ ပြောရမယ်ဆိုရင်တော့ အကျင့်ပျက်ခြစားမှုဖြစ်ပါတယ်။ အဲဒီတော့ ဘာဖြစ်လို့လဲဆိုတော့ တချို့ဆိုလို့ရှိရင် မူးယစ်ဆေးဝါးရောင်းဝယ်နေတယ်ဆိုတာကို သိသော်လည်းပဲ အဆင့်ဆင့်အကျင့်ပျက်ခြစားမှုတွေဖြစ်ပွားခဲ့တာ ကျွန်တော်တို့ အမြဲတမ်းကြားသိနေရပါတယ်။ အဓိကအားဖြင့်တော့ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေဟာ တချို့ပုဂ္ဂိုလ်တွေအတွက်ကို ရန်ပုံငွေရှာဖွေရေး နေရာကြီးတစ်ခုအဖြစ်နဲ့ ကျန်ရှိနေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်သုံးချက်ကို ကျွန်တော်တို့ သေချာဂရုစိုက်ကိုင်တွယ်ပြီးတော့မှ ပြည်သူလူထုနဲ့၊ ဌာနဆိုင်ရာတွေနဲ့၊ နိုင်ငံရေးပါတီက ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှသာ ဒီမူးယစ်ဆေးဝါးကို အောင်အောင်မြင်မြင်နှိမ်နင်းနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးရင်းနဲ့ ဦးလဂန်ဇယ်ဂျုံးရဲ့အဆိုကို အပြည့်အဝထောက်ခံကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုဖြစ်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ထောက်ခံတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ်သည် ယနေ့ တစ်ကမ္ဘာလုံးရှိ လူသားအားလုံး ရင်ဆိုင်ကြုံတွေ့နေရတဲ့ သိမ်မွေ့နက်နဲပြီး ကြီးမားတဲ့ပြဿနာတစ်ရပ်ဖြစ်ပြီးတော့ လူသားတို့ကို မျိုးသည်းပျက်စီးနိုင်ပြီးတော့ အသက်အန္တရာယ်အား ခြိမ်းခြောက်လျက်ရှိတဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာတဲ့အထိ ဒုက္ခပေးနိုင်တဲ့အတွက်ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တွန်းလှန်ကာကွယ်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ UNODC ရဲ့ စာရင်းများအရလည်းပဲ ကမ္ဘာပေါ်မှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ အာဖဂန်နစ္စတန်နိုင်ငံပြီးလို့ရှိရင် မြန်မာနိုင်ငံဟာ ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်းဆိုပါတယ်။ မြန်မာနိုင်ငံဟာ ယခင်ကိုလိုနီခေတ်အဆက်ဆက်မှစတင်ပြီး ဘိန်းကို အနောက်ဘက်နိုင်ငံကြီးများမှတစ်ဆင့် မြန်မာပြည်တွင်းကို ဘိန်းကုန်သွယ်မှု စတင်ရောက်ရှိလာကာ မြန်မာနိုင်ငံမြောက်ပိုင်း ချင်းတောင်တန်းဒေသ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ဒေသများသို့ အနောက်ဘက်နိုင်ငံကြီးများမှ ဘိန်းမျိုးစေ့များ ရောက်ရှိလာပြီး ဘိန်းစိုက်ပျိုးမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ ကိုလိုနီခေတ်အတွင်းမှာလည်း မူးယစ်ဆေးဝါးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးချခဲ့တာကိုလည်းပဲ တွေ့ရှိရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအမျိုးပေါင်း ၁၂၆ မျိုးရှိပြီးတော့မှ အခုစိုက်ပျိုးလုပ်ကိုင်ကြတဲ့ဘိန်းဟာလည်းပဲ အဓိကအရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မကြာခဏ ပမာဏများစွာဖမ်းဆီးရမိနေတဲ့ Amphetamine (စိတ်ကြွရူးသွပ်ဆေးဝါး)များလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့ ဒေသတွေမှာလည်းပဲ ဘိန်းနဲ့ မူးယစ်ဆေးဝါးဖြစ်တဲ့ Amphetamine (စိတ်ကြွရူးသွပ်ဆေးဝါး)များကြောင့် ဘဝပျက်ခဲ့ရတဲ့မိသားစုတွေနဲ့ လူငယ်လူရွယ်များစွာ ပျက်စီးခဲ့ကြရပါတယ်။ ကျွန်တော်တို့ တောင်တန်းဒေသအနှံ့အပြားမှာလည်းပဲ အဓိကဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းဆီခဲထုတ်လုပ်ခြင်းတို့ ရှိနေဆဲဖြစ်တဲ့အတွက်ကြောင့်မို့ ဘိန်းစိုက်ပျိုးမှု အပြီးတိုင်ချုပ်ငြိမ်းပပျောက်သွားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာ ရှေးယခင်က တောင်ယာ

များသာ စိုက်ပျိုးခဲ့ကြပြီးတော့ နောက်ပိုင်းမှာ ငွေကြေးရယူဖို့ လွယ်ကူတဲ့ဘိန်းစိုက်ပျိုးခြင်းဟာလည်း ဝိသမလောဘသမားများနှင့် မူးယစ်ရာဇဝတ်ဂိုဏ်းများ၊ ဘိန်းရာဇဝတ်ဂိုဏ်းများ အဖွဲ့အစည်းတချို့ရဲ့ ဘိန်းနဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုများကြောင့် တောင်တန်းဒေသများမှာ စိုက်ပျိုးရေးလုပ်ကိုင်မှုပုံစံပြောင်းလဲခဲ့ကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအနေနဲ့ လွတ်လပ်ရေးရပြီး ၁၉၆၀ ခုနှစ် ဖဆပလ အစိုးရလက်ထက်မှစ၍ မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေးများနှင့် အဆင့်ဆင့်ဘိန်းစစ်ဆင်ရေးများ ပြုလုပ်ခဲ့ခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး စုံစမ်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ဘိန်းစားသုံးမှုတိုက်ဖျက်ရေး၊ ဘိန်းအစားထိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုများ ပြန်လည်ဆောင်ရွက်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ဘိန်းစိုက်ပျိုးရာဒေသများကို လေ့လာခြင်း၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာမဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ် ချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်တာစီမံကိန်းကိုလည်း ချမှတ်ဆောင်ရွက်ခဲ့တာကိုလည်းပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးပန်းတိုင်အသစ်စီမံကိန်း(New Destiny Project) ကိုလည်း ရေးဆွဲခဲ့ပြီးတော့မှ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးစေခြင်းနဲ့ ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းပပျောက်စေရေး ဆောင်ရွက်ခဲ့ကြောင်းကိုလည်း တွေ့ရပါတယ်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများ ရယူဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံရဲ့ပကတိစွမ်းအားအရင်းအမြစ်များကို အခြေပြုပြီး ဥပဒေနှင့်အညီ စဉ်ဆက်မပြတ်တိုက်ဖျက်ရေးဆောင်ရွက်လျက်ရှိကာ တစ်ဌာနတည်း၊ တစ်ဖွဲ့တည်း ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံသားအားလုံး ဝိုင်းဝန်းကူညီကာ အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖွဲ့စည်းထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် အဖွဲ့လိုက် ဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ သတ်မှတ်ကာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်သူများနှင့် ပူးပေါင်းကာ ဆန့်ကျင်တိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းခဲ့တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ပြည်သူများပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်မှု အန္တရာယ်မှ ကာကွယ်ပေးရန် ထိရောက်တဲ့ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးရန်ဆိုတဲ့အချက်ဟာ အလွန်ကောင်းမွန်တဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ လူသားတစ်ရပ်လုံး အညွန့်တုံးစေနိုင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုပူးပေါင်းပါဝင်လာတဲ့အပေါ်မှာ လက်ကမ်းကြိုဆိုတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ သို့သော်လည်းပဲ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များအနေဖြင့် သတ်မှတ်ထားတဲ့ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သင့်ပါတယ်။ ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါက မလိုလားအပ်သော ပြဿနာများပေါ်ပေါက်လာနိုင်ပါတယ်။ များမကြာမီကပဲ တချို့သောတိုင်းရင်းသားပြည်နယ်များမှာ တရားဝင်အဖွဲ့အစည်းမဟုတ်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးအဖွဲ့များဟာ အင်အားအများအပြားနှင့်သွားလာပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများကို အပြစ်ပေးတယ်ဆိုကာ ရိုက်နှက်ခြင်းတွေ ပြုလုပ်နေတဲ့ Video File တွေကို လူမှုကွန်ယက်ပေါ်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရတာဖြစ်ပါတယ်။ ယင်းလုပ်ရပ်များဟာ နားလည်မှုလွဲမှားပြီးတော့ မှားယွင်းတဲ့ဥပဒေမဲ့လုပ်ရပ်ဖြစ်နေပါတယ်။ ဒီလုပ်ရပ်မျိုးနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်များဟာ အပြုသဘောဆောင်တယ်ဟု ဆိုနိုင်သော်လည်းပဲ ဥပဒေနှင့်ညီညွတ်တဲ့လုပ်ရပ်မျိုးမဟုတ်တဲ့အတွက် တားမြစ်သင့်ပါတယ်။ ဒီလိုလုပ်ရပ်မျိုးတွေဟာ ဒီမိုကရေစီစနစ်နဲ့မလျော်ညီတဲ့အပြင် တိုင်းရင်းသားအချင်းချင်းအနိုင်ကျင့်မှုများ ဖြစ်ပေါ်လာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ ထိခိုက်စေတဲ့လုပ်ရပ်မျိုးဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တိုင်းရင်းသားလူမျိုးတစ်စုနှင့်တစ်စုအကြား မလိုလားအပ်သော ရန်ငြိုးဖွဲ့မှုများ လက်တုံ့ပြန်ကလဲ့စားချေမှုများ ပေါ်ပေါက်ကာ ပြည်သူလူထုတို့၏ လူမှုစီးပွားလုံခြုံမှုကို ထိခိုက်ဖျက်ဆီးစေခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးဖြစ်ပါတယ်။ ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော်မဲဆန္ဒနယ် တင်သွင်းတဲ့အရေးကြီးအဆိုကို ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ဆန်နဲ့ ကျွန်တော်တို့ဒေသမှာ ရှိနေတဲ့အခြေအနေတွေကို အခြေခံပြီးတော့မှ လူထုတွေရဲ့မူးယစ်ဆေးဝါးအန္တရာယ်ကနေ

အမှန်တကယ်ချုပ်ငြိမ်းနိုင်ဖို့အတွက်ကို ဦးတည်ပြီးတော့မှ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ဆန်နဲ့ ပလောင်အများစုနေထိုင်တဲ့ နေရာဒေသ တွေဟာဆိုရင် ၂၀၀၅ ခုနှစ် PSLA အဖွဲ့ လက်နက်အပ်ပြီးတဲ့နောက်ပိုင်းမှာ မူးယစ်ဆေးဝါးရဲ့ သားကောင်အဖြစ် ရောက်မှန်းမသိ ရောက်ကုန်ကြတာ ကျွန်တော်တို့ တွေ့ကြရပါတယ်။ အထူးသဖြင့် တရုတ်ပြည်နဲ့ နယ်စပ်ဖြစ်တဲ့ နမ့်ခမ်းဒေသဟာ စိုက်ပျိုးထုတ်လုပ်၊ ရောင်းချမှုနဲ့ သုံးစွဲမှုမြင့်မားတဲ့နေရာ ပါ။ အခုလက်ရှိအချိန်ထိ မူးယစ်ဆေးဝါးကြောင့် မတရားညှဉ်းပန်းနှိပ်စက်ပြီးတော့မှ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတာတွေလည်း ရှိနေတုန်းပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်တုန်းကဆိုရင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှာဆိုရင်လည်း ကမ္ဘာ့ကုလသမဂ္ဂရဲ့စီမံကိန်းနဲ့ ဘိန်းတိုက်ဖျက်ရေးအတွက်ကို သွားပြီးတော့မှ မြေပြင်ကွင်းဆင်းတိုင်းတာမှုတွေ သွားလုပ်ကြတဲ့အဖွဲ့တွေ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှာပါဝင်တဲ့အဖွဲ့တွေက သွားပြီးတော့မှ မြေပြင်တိုင်းတာမှုတွေ သွားလုပ်တဲ့အခါမှာလည်း ဒီအဖွဲ့တွေက ဖမ်းဆီးရိုက်နှက်ခံရတာတွေကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ကြရပါတယ်။ အဲဒီလိုပဲ နမ့်ခမ်းမြို့နယ်မှာရှိတဲ့ တွန်ပုတ်လူငယ်ကျေးရွာဟာဆိုရင်လည်း သူတို့ဒေသမှာရှိတဲ့ မူးယစ်ဆေးဝါး တွေကို ကာကွယ်ဖို့အတွက် ဦးဆောင်ထားတဲ့ မိုးပွင့်ဆိုတဲ့ လူငယ်အဖွဲ့ကနေပြီးတော့မှ မူးယစ်ဆေးဝါး တိုက်ဖျက်မှုတွေ သူတို့တစ်နိုင်တစ်ပိုင်လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီအဖွဲ့ကဆိုရင် ၂၀၁၅ ခုနှစ် စက်တင်ဘာလထဲမှာ ဆိုရင် တရုတ်လူမျိုးတွေသယ်ဆောင်လာတဲ့ မူးယစ်ဆေးဝါး ရာမအထုပ် ၉၆၀ ထုပ်နဲ့ ဘိန်းဖြူဆပ်ပြာခွက်ထဲမှာရှိတဲ့ ဆပ်ပြာခွက်ဗူး ၇၇ ဗူးတွေကိုလည်း ဖမ်းဆီးပြီးတော့မှ ရဲလက်ထဲမှာ အပ်နှံခဲ့တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီလိုလုပ်တဲ့ အဖွဲ့တွေဟာဆိုရင်လည်း တစ်ခါတစ်ရံမှာ ဒါက သူပုန်တွေကို အားပေးတယ်ဆိုတဲ့ပုံစံမျိုးနဲ့ အပြောခံရတာတွေရှိတဲ့ အတွက်ကြောင့် သူတို့တွေဟာလည်း ကြောက်ကြောက်နဲ့ပဲ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နေကြရတာ ဖြစ်ပါတယ်။ ဒါတွေဟာ လူထုတွေက အကြောက်အရွံ့တွေကြားထဲကပဲ ကိုယ်ဒေသကို ဒုက္ခပေးနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်တဲ့ လုပ်ငန်းတွေကို ထိထိရောက်ရောက် လုပ်ဆောင်နေကြရတာကို ကျွန်တော်တို့ တွေ့နေကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ နမ့်ဆန်ဒေသမှာဆိုရင်လည်း ဘုရားကြီး ကျေးရွာ၊ ဇယ်သုန်ဟုန်းကျေးရွာစသဖြင့် သက်ဆိုင်ရာကျေးရွာတာဝန်ရှိတဲ့လူတွေနဲ့ လူငယ်တွေ ပူးပေါင်းပြီးတော့မှ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲတဲ့သူတွေကို ဖမ်းဆီးပြီးတော့မှ ရဲလက်အပ်တာတွေ လုပ်ကြတာတွေကို ကျွန်တော်တို့တွေ့ကြရပါတယ်။ တစ်ခါတစ်ရံမှာဆိုရင် ရဲတွေနဲ့ပူးပေါင်းပြီး ဖမ်းတာမျိုးလည်း သူတို့လုပ်ကြပါတယ်။ ဥပဒေအကြောင်းကို ကောင်းကောင်းနားလည်တဲ့သူတွေ

မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ထိထိရောက်ရောက် သူတို့မလုပ်နိုင်ကြပါဘူး။ ဥပဒေနဲ့ငြိစွန်းမှာကိုလည်း စိုးရိမ်နေကြတာ မှန်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီသလိုပဲ မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မားတဲ့ လားရှိုးမြို့နဲ့ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေမှာဆိုရင်လည်း ဆေးသုံးစွဲတဲ့သူတွေကို ဆေးဖြတ်ပေးနိုင်ဖို့အတွက် ကျွန်တော်ကိုယ်တိုင် ၂၀၁၃ ခုနှစ်တုန်းက အရပ်ဘက်အဖွဲ့အစည်းမှာ အလုပ်လုပ်ခဲ့တုန်းက ဘုန်းတော်ကြီးတွေနဲ့ပူးပေါင်းပြီးတော့မှ ဆေးစွဲတဲ့သူတွေကို ဆေးဖြတ်ပေးဖို့၊ ဆေးဖြတ်တဲ့စခန်းဖွင့်ဖို့ ကြိုးစားခဲ့ပေမယ့် ခွင့်ပြုချက်မရတဲ့အတွက်ကြောင့် ကျွန်တော်တို့ မလုပ်နိုင်ခဲ့ပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖွင့်တဲ့ ဘိန်းဖြတ်စခန်းတွေမှာပဲ သွားပို့ပေးရတဲ့အတွက်ကြောင့်မို့လို့ တချို့ကျေးရွာသားတွေမသွားရဲတာ။ တချို့ဝေးလံတဲ့ဒေသတွေဖြစ်တဲ့ ဒေသခံတွေ မလာနိုင်တဲ့အတွက်ကြောင့်မို့လို့ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေ ဖြတ်ချင်ပေမယ့် အလှမ်းဝေးနေခဲ့တာကိုလည်း တွေ့ကြရတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ၂၀၁၆ခုနှစ်မှာဆိုရင်လည်း နမ့်ခမ်းဒေသမှာဆိုရင် ဘိန်းစိုက်ဧက ၃၀၀၀ ကျော် ရှိနေပြီးတော့မှ ဖျက်ဆီးနိုင်ခြင်းလည်း မရှိသေးပါဘူး။ ဘိန်းစိုက်တောင်သူတွေ၊ ပြည်သူ့စစ်အမည်ခံထားတဲ့သူတွေနဲ့ ဘိန်းတိုက်ဖျက်တဲ့လက်နက်ကိုင်အဖွဲ့တွေကြားမှာဖြစ်တဲ့ တိုက်ပွဲတွေကြောင့်လည်း ပြည်သူလူထုတွေအများကြီး ဒုက္ခရောက်ကြရပါတယ်။ အဲဒီလိုပဲ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း အစပ်မှာဖြစ်တဲ့ မြို့တွေမှာဆိုရင်လည်း ဘိန်းစိုက်ဧက ၃၀၀၀ လောက်ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ကြားသိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေဟာ များသောအားဖြင့် အမျိုးသားတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့မိသားစုဝင်တွေဖြစ်ကြတဲ့ အမျိုးသမီးနဲ့ကလေးငယ်တွေဟာ ဒီရဲ့မူးယစ်ဆေးဝါးရဲ့ ဓားစာခံဖြစ်နေကြတာကို ကျွန်တော်တို့တွေ့ကြရပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ရှိတဲ့ အမျိုးသမီးများနဲ့ လူငယ်များဖြစ်တဲ့အတွက်ကြောင့် မူးယစ်ဆေးဝါးပြဿနာများကို အစိုးရအနေနဲ့ မဖြေရှင်းပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အရင်းအမြစ်တွေကို ဆုံးရှုံးတဲ့အပြင် ကျွန်တော်တို့နိုင်ငံက ပိုပြီးတော့မှ နိမ့်ကျသွားနိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စတွေကို ပြင်းပြင်းထန်ထန်ကာကွယ်နှိမ်နင်းတာမျိုးလုပ်သင့်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီမူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးအန္တရာယ်မှကင်းစင်နိုင်ဖို့နဲ့ ကမ္ဘာမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးလို့ သတ်မှတ်ခံရတဲ့နေရာကနေ ကင်းစင်နိုင်ဖို့အတွက်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီးတော့မှ ပြည်သူ့လူထုရဲ့ ဘိန်းတိုက်ဖျက်ရေးလုပ်ဆောင်ချက်တွေမှာ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ပြီး လုပ်ဆောင်သင့်ပါတယ်။ လုပ်ဆောင်နေတဲ့ပြည်သူတွေနဲ့ ဒေသခံ

အသင်းအဖွဲ့တွေကို လုံခြုံရေးပေးတာမျိုးတွေကအစ ပူးပေါင်းကူညီသင့်ပါတယ်။ ဒါမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကနေ အမှန်တကယ်လွတ်ကင်းနိုင်မှာဖြစ်တဲ့အကြောင်းကို ဝိုင်းမော်မဲဆန္ဒနယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင် လာနိုင်မှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ထိရောက်သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်ဖြစ်ပါတယ်။ ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့ အရေးကြီးအဆိုအပေါ်မှာ Powerpoint ဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့အရေးကြီးအဆိုဟာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးမှာ ပြည်သူလူထုပါဝင်မှုအပေါ် ကြိုဆိုထောက်ခံရန်၊ ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်နှင့် ထိရောက်တဲ့ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးရန်ဆိုပြီး အချက်သုံးချက်ကို အဓိကထား အဆိုတင်သွင်းထားတာတွေ့ရပါတယ်။ တပ်မတော်အနေနဲ့ အဆိုပါ အချက်သုံးချက်စလုံးကို အချိန်နဲ့တစ်ပြေးညီ လှုပ်ရှားကူညီဆောင်ရွက်ပေးနေမှုများကို ဖြစ်စဉ်ဖြစ်ရပ် အကျဉ်းချုပ်များနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နယ်မြေခံတိုင်းစစ်ဌာနချုပ်အနေနဲ့ ခရစ်ယာန်ဘာသာပေါင်းစုံ ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့အား လက်ခံတွေ့ဆုံခြင်းအား ၉-၁-၂၀၁၆ ရက်နေ့မှ ၃-၂-၂၀၁၆ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။၂၇-၁-၂၀၁၆ ရက်နေ့ကနေ ၅-၂-၂၀၁၆ ရက်နေ့ အထိ နယ်မြေခံတိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်း၊ နယ်ခြားစောင့်တပ်ရင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တွေ ခရစ်ယာန်ဘာသာ ပေါင်းစုံ ဘိန်းဖျက်ဆီးရေးအဖွဲ့အင်အား ၁၃၀၀ ဦးနဲ့ အတူပူးပေါင်းပြီး ချောင်းမော၊ လွိုင်ဇာ၊ လွယ်ဂျယ်ဒေသတွေမှာ ဘိန်းဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဖျက်ဆီးစဉ်မှာ အခင်းပိုင်ရှင်တွေနဲ့အပြန်အလှန် ခဲများနှင့် ပစ်ပေါက်မှုများ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပါတယ်။ ၃-၂-၂၀၁၆ ရက်နေ့မှာ နယ်မြေခံတိုင်းစစ်ဌာနချုပ်လက်အောက်ခံတပ်ရင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ဝိုင်းမော်

ပူးပေါင်းအဖွဲ့တွေဟာ ခရစ်ယာန်ဘာသာပေါင်းစုံ ဘိန်းဖျက်ဆီးရေးအဖွဲ့ ၂၀၀ ဦးနဲ့အတူ ပူးပေါင်းပြီးတော့ မော်စီတုံး၊ ဆဒုံးဒေသမှာ ဘိန်းဖျက်ဆီးမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ ၆-၂-၂၀၁၆ ရက်နေ့မှ ယနေ့အထိ နယ်မြေခံတိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်း၊ နယ်ခြားစောင့်တပ်ရင်း၊ မြို့နယ်ရဲတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ ၄၀ တို့ဟာ မော်စီတုံး၊ ဆဒုံးဒေသမှာ ဘိန်းခင်းဖျက်ဆီးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀-၂-၂၀၁၆ ရက်နေ့မှာ ကန်ပိုက်တီးဒေသမှာရှိတဲ့ ဘိန်းစိုက်ပျိုးကျေးရွာတွေကို ဆန် ၁၀၀ အိတ်၊ ပဲ ၁၀ အိတ်၊ ဆား တစ်အိတ်၊ ဆီတစ်ပီပါတို့ကို နယ်မြေခံတိုင်းစစ်ဌာနချုပ်ကနေ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ၂၉-၁၂-၂၀၁၅ ရက်နေ့ကနေ ၂၃-၂-၂၀၁၆ ရက်အထိ ဘိန်းခင်းစိုက်ပျိုးဖျက်ဆီးမှုစုစုပေါင်း ၁၅၂၈.၉၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဘိန်းခင်းဖျက်ဆီးမှုတွေနဲ့ပတ်သက်ပြီး ဒေသခံများအား တပ်မတော်မှ ဖြေရှင်းဆောင်ရွက်ပေးမှုများကို ဆက်လက်တင်ပြလိုပါတယ်။ နယ်မြေခံတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူးဦးစီးပြီး ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ခေါင်းဆောင်တွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မော်စီတုန်းရွာမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ၁၂း၀၀ နာရီနဲ့ ၁၄း၀၀ နာရီအထိ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့တဲ့အခါမှာ ရွာသူရွာသားတွေအနေနဲ့ နိုင်ငံတော်အစိုးရမှ တရားဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းကို လက်ခံမှာဖြစ်ကြောင်း၊ တရားမဝင်ဖွဲ့စည်းထားတဲ့ လူထုအခြေပြုဘာသာရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဖွဲ့အစည်းတွေကို ဒေသခံရွာသူရွာသားများမှ လုံးဝလက်မခံနိုင်ကြောင်း တောင်းဆိုချက်စာများအား ကန်ပိုက်တီးဒေသမှာရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများကနေ စစ်ဗျူဟာမှူးထံပေးအပ်ခဲ့ကြပါတယ်။ ရွာသူရွာသားတွေအနေနဲ့ နိုင်ငံတော်အစိုးရက ဘိန်းခင်းဖျက်ဆီးမယ်ဆိုရင်လက်ခံမှာဖြစ်ကြောင်း၊ ဘိန်းစိုက်ခင်းများဖျက်ဆီးပြီးပါက ၎င်းတို့ရဲ့လတ်တလော ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက်ကို ဆန်ထောက်ပံ့ပေးစေလိုကြောင်း၊ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် ဒေသနဲ့ကိုက်ညီတဲ့သီးနှံများ စိုက်ပျိုးနိုင်ရေး နိုင်ငံတော်အစိုးရအနေနဲ့ နောက်ပိုင်းမှာ ထောက်ပံ့ပေးစေလိုကြောင်း ထပ်မံတင်ပြခဲ့ပါတယ်။ နယ်မြေခံတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူးဦးစီးတဲ့ ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ခေါင်းဆောင်များ၊ ကန်ပိုက်တီးဒေသမှာရှိတဲ့ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာရပ်မိရပ်ဖများနှင့် ရဲတပ်ဖွဲ့ဝင်များဟာ မော်စီတုံးမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ၁၇း၀၀ နာရီကနေ ၁၈း၀၀ နာရီအထိ ထပ်မံတွေ့ဆုံညှိနှိုင်းတဲ့အခါမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ဘိန်းစိုက်ပျိုးထားတာ ဥပဒေနဲ့ညီညွတ်မှုမရှိတာ နားလည်ကြောင်း၊ ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့တွေ ကျေးရွာများမှာ

လာရောက် ဘိန်းဖျက်ဆီးမှာကို လက်မခံကြောင်း၊ မိမိတို့ဒေသမှာ အခြားသီးနှံစိုက်ပျိုးနိုင်ခြင်းမရှိဘဲ ချဉ်စော်ကားသီး၊ သစ်ကြားသီးအား စိုက်ပျိုးနိုင်ပြီး ထွက်ရှိတဲ့သီးနှံရောင်းချရာမှာ ဈေးမရတဲ့အတွက် မိမိတို့ စားဝတ်နေရေးပြေလည်မှုမရှိပါကြောင်း ဘိန်းခင်းဖျက်ဆီးခြင်းတစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ခြင်းဖြင့် ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါးချုပ်ငြိမ်းသွားမှာမဟုတ်ကြောင်း လူများရဲ့ အသိဉာဏ်နဲ့ စိတ်ဓာတ်ကို ဦးစားပေးပြင်ဆင်ပေးမှသာ ဘိန်းစိုက်ပျိုးမှုမပြုတော့မည်ဖြစ်ပါကြောင်း လတ်တလော မိမိတို့၏ဘဝရပ်တည်ရှင်သန်ရေးအတွက် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့မှ ဆန်ထောက်ပံ့ ပေးမည်ဆိုပါက မိမိတို့ဘိန်းစိုက်ခင်းများကို မိမိဘာသာမိမိ ဖျက်ဆီးပေးမည်ဖြစ်သဖြင့် ဘိန်းခင်း ဖျက်ဆီးရေးအဖွဲ့မှ မိမိတို့ဖျက်ဆီးပြီးမှသာ လာရောက်ကြည့်ရှုစေလိုကြောင်း၊ ရေရှည်ဘဝရပ်တည် ရေးအတွက် ဘိန်းအစားထိုး သီးနှံ၊ စိုက်ပျိုးသီးနှံနှင့် သီးနှံစိုက်ပျိုးရေးအစီအစဉ်များကို ဆောင်ရွက် ပေးစေလိုကြောင်း တင်ပြခဲ့ပါတယ်။ ဆက်လက်ပြီး Pat Jasan အဖွဲ့နဲ့ပတ်သက်ပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် နယ်မြေခံစစ်ဌာနချုပ်တိုင်းမှူးတို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ဆွေးနွေးခဲ့တဲ့အခါမှာ ဝန်ကြီးချုပ်က Pat Jasan အဖွဲ့ရဲ့ တရားဥပဒေမဲ့လုပ်ရပ်တွေကြောင့် ဒေသခံ ပြည်သူလူထုမှ လုံးဝလက်မခံနိုင်ကာ ၎င်းအဖွဲ့အား ဆဒုံးဒေသသို့ ဝင်ရောက်ခွင့်ပြုပါက ပြဿနာ ကြီးထွားလာနိုင်ကြောင်း၊ ၎င်းအဖွဲ့အား ဆက်လက်လုပ်ဆောင်မှုမရှိနိုင်စေရေးအတွက် ဦးဆောင် သူများ နားလည်အောင် ရှင်းလင်းဆွေးနွေးပြီး တပ်၊ ရဲဌာနဆိုင်ရာ၊ နယ်မြေခံလူထုပါ ပါဝင် ဖျက်ဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ တိုင်းမှူးမှလည်း Pat Jasan ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းအား တားဆီးခြင်းမဟုတ်ကြောင်း တိုင်းရင်းသားအချင်းချင်း မလိုလားအပ် သောပြဿနာများ မဖြစ်ပွားစေရေးအတွက် ဆဒုံး၊ ကန်ပိုက်တီးဒေသမှာ ဘိန်းစိုက်ပျိုးမှုလုံးဝ မရှိစေရေး၊ တပ်မှ နယ်မြေခံပြည်သူ့စစ်နဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။ တပ်မတော်ဟာ ဘိန်းခင်းဖျက်ဆီးရေးမှာ လူထုအခြေပြုမူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့နှင့် ပထမအကြိမ် လိုက်ပါကူညီဆောင်ရွက်စဉ်မှာပဲ စိုက်ခင်းပိုင်ရှင်များက တိုက်ခိုက် သဖြင့် ပြဿနာမဖြစ်ပွားစေဖို့အတွက် ပါလာတဲ့အစိုးရအဖွဲ့ဝင်တွေက ရွာသူရွာသားတွေနဲ့ ဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။ Pat Jasan အဖွဲ့ဟာ တရားဝင်အဖွဲ့အစည်းမဟုတ်တဲ့အတွက် လက်မခံနိုင်ဘဲ အစိုးရမှလာဖျက်လျှင် လက်ခံနိုင်ကြောင်း၊ အခုအချိန်မှာ စိုက်ပျိုးရာသီကုန်ဆုံးမည်ဖြစ်၍ အစိုးရနှင့် တပ်မတော် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးဌေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးဌေး(ကော့ကရိတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်က ဦးစိုးဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်က ဦးလဂန်ဇယ်ဂျူးရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နိုင်ငံတော်အစိုးရနဲ့ ကုလသမဂ္ဂအဖွဲ့တို့ပူးပေါင်းပြီး ဆောင်ရွက်နေသော်လည်း ကုလသမဂ္ဂရဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလသတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ဘိန်းအများဆုံးထုတ်လုပ်တဲ့နိုင်ငံစာရင်းမှာ ပါနေဆဲဖြစ်ပါတယ်။ မူးယစ်ရာဇဝတ်ဂိုဏ်းများဟာ ဘိန်းကထုတ်လုပ်တဲ့ ဘိန်းဖြူများကို ပြည်ပသို့တင်ပို့ပြီးတော့ စိတ်ကြွဆေးထုတ်လုပ်နိုင်တဲ့ ဓာတုဆေးများကို ပြည်တွင်းသို့ပြန်လည်တင်သွင်းကာ စိတ်ကြွရူးသွပ်ဆေးများကို ထုတ်လုပ်ပြီး ဒေသတွင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းမှ အမြတ်အစွန်းများစွာ ရရှိနေကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုဟာ ၂၀၀၆ ခုနှစ်ကထက် နှစ်ဆတိုးလာပြီးတော့ ဟက်တာပေါင်း ၅၇၀၀၀ ကျော်ရှိလာနေပြီးဖြစ်ပါတယ်။ နှစ်စဉ် ဧရိယာ ၁၀ ရာခိုင်နှုန်းကျော် ဧရိယာတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်နှုန်းတိုးလာခြင်းကို ကုလသမဂ္ဂ UNDOC စာရင်းများအရ သိရှိရပါတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းကနေ အကျိုးအမြတ် ကြီးမားစွာရနေတဲ့ မူးယစ်ရာဇဝတ်ဂိုဏ်းများဟာ ဘိန်းစိုက်ပျိုးတောင်သူများကို အရင်းအနှီးထုတ်ပေးခြင်းနဲ့ လုံခြုံရေးအကာအကွယ်ပေးခြင်းများ ပြုလုပ်ပေးကြောင်း သိရပါတယ်။ ကျွန်တော်တို့ကရင်ပြည်နယ်မှာတော့ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူထုတ်လုပ်မှုမရှိသော်လည်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတာကြောင့် ကချင်ပြည်နယ်မှာနေထိုင်တဲ့မိဘဖြစ်သူများ ၎င်းတို့သားသမီးများ စိတ်ကြွရူးသွပ်ဆေးသုံးစွဲလာမှာကို စိုးရိမ်ကြောင့်ကြနေပါတယ်။ စာသင်ကျောင်းများက ကျောင်းဆရာများကလည်း ၎င်းတို့ရဲ့တပည့်များ မူးယစ်ဆေးသုံးစွဲကာ ဘဝတက်လမ်းပျက်စီးသွားမှာကို စိုးရိမ်ပူပန်လျက်ရှိကြပါတယ်။ ကရင်ပြည်နယ်မှာနေထိုင်တဲ့ ပြည်သူများက ကျွန်တော်တို့ပြည်သူ့ကိုယ်စားလှယ်များကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမြန်ဆုံးအောင်မြင်စွာ ဆောင်ရွက်ပေးဖို့ လူတွေ့ပြီးတော့ တောင်းဆိုထားပါတယ်။ ကျွန်တော်တို့နယ်မြေမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို တာဝန်သိပြည်သူတစ်ဦးချင်းက မိမိသဘောအလျောက် ဆောင်ရွက်နေကြသော်လည်း မူးယစ်ရာဇဝတ်ဂိုဏ်းများရဲ့ အန္တရာယ်ကို ကြောက်ရွံ့တဲ့အတွက်ကြောင့် ပွင့်လင်းစွာ

ဆောင်ရွက်နိုင်ခြင်းမရှိတာကို သတိပြုမိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ရဲ့ ကချင်ပြည်နယ်မှာတော့ လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်ကြိုးပမ်းနေတဲ့သတင်းကို ကြားသိ ရတဲ့အတွက်ကြောင့် အထူးပဲဝမ်းမြောက်ရပါတယ်။ ကျွန်တော်တို့ကရင်ပြည်နယ်မှာလည်း အလားတူ လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက် ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်သွားဖို့ ပြည်သူများက ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ လို့ ပြည်သူလူထုနဲ့ နိုင်ငံတော်အစိုးရပူးပေါင်းဆောင်ရွက်ပြီး မူးယစ်ကင်းစင်တဲ့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် ဝိုင်းမော်မြို့နယ်မှ ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါ တယ်။ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို စိစစ်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကန့်သတ်ချက်ရှိတဲ့အတွက် အဆိုထဲက အချက်တချို့ကို ထုတ်နုတ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးအဆိုထဲမှာ ၂၀၁၄ ခုနှစ်ကစပြီး လူငယ်များပါဝင်တဲ့ လူထုအခြေပြု မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ဟာ မူးယစ်ဆေးစွဲသူတွေကို ဆေးပြတ်သွားအောင် ဆောင်ရွက်ပေးပြီး လူကောင်း သူကောင်းဖြစ်အောင် သွန်သင်သွားခြင်း၊ မူးယစ်ဆေးဝါးရောင်းချသူများကို ဖမ်းဆီးပြီး သက်ဆိုင်ရာ သို့ပို့ဆောင်ပေးခြင်း၊ ဒေသခံဘိန်းစိုက်ပျိုးသူများကို ဆွေးနွေးပညာပေးပြီး ၎င်းတို့ရဲ့ သဘောတူညီ ချက်နဲ့ ဘိန်းခင်းတွေကို ဖျက်ဆီးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ယခုလို လူငယ်တွေပါဝင်တဲ့ မူးယစ်ဆေး ဝါးတိုက်ဖျက်ရေးအဖွဲ့ဟာ ဥပဒေဘောင်အတွင်းက အမျိုးသားရေးစိတ်ဓာတ်နှင့် အင်တိုက်အားတိုက်

ဆောင်ရွက်ခဲ့ခြင်းဟာ ထူးခြားတဲ့လူမှုရေးအကျိုးပြုလုပ်ငန်းဖြစ်တဲ့အတွက် ဂုဏ်ယူအားပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးလိုတာက လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဟာ ၂၀၁၄ ခုနှစ်မှာ ဘိန်းခင်းဧက ၄၀ ကျော်ဖျက်ဆီးနိုင်တဲ့အကြောင်း၊ ယခုနှစ်မှာ ဘိန်းခင်း ၃၀၀၀ ကျော်ဖျက်ဆီးနိုင်ခဲ့ခြင်းနှင့် ကျန်ဘိန်းခင်းဧက ၁၀၀၀၀ ကျော် ဖျက်ဆီးနိုင်ဖို့အတွက် အချိန်မီသွားရောက်ဖျက်ဆီးနိုင်ရန် အတားအဆီးအဟန့်အတားများအားလုံးကို ရုပ်သိမ်းပြီး ၎င်းတို့အား ထိရောက်သော ကူညီပံ့ပိုးမှုပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းစစ်ဟာ လွတ်လပ်ရေးရပြီးမကြာခင်မှာ ပေါ်ပေါက်လာပြီးတာနဲ့ မူးယစ်ဆေးဝါးအန္တရာယ်ဟာလည်း ပြည်တွင်းစစ်နှင့်အတူ ပေါက်ဖွားလာတဲ့ ဖွားဖက်တော်လို့ ယူဆရင်မှားမယ်မထင်ပါဘူး။ နောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းခန့်သော ပြည်သူများဟာ နှစ်ပေါင်းများစွာဆင်းရဲမှုဒဏ်ကို ယခုတိုင်ခံစားနေရပါတယ်။ ဒီလိုဆင်းရဲနွမ်းပါးကြတဲ့ ပြည်သူများဟာ စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် နိုင်ငံတော်အစိုးရက ဥပဒေနှင့်တားမြစ်ထားတဲ့လုပ်ငန်းများကို သိလျက်နဲ့သော်လည်းကောင်း၊ မသိ၍သော်လည်းကောင်း ကျူးလွန်ပြီး လုပ်ကိုင်စားသောက်နေရတာကို တွေ့မြင်နိုင်ပါတယ်။ ဒီထဲမှာ ဘိန်းစိုက်ပျိုးရေးလည်း အဓိကပါဝင်ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူများဟာ ဘဝရပ်တည်နိုင်ရေးအတွက် ဘိန်းကိုမိရိုးဖလာလုပ်ငန်းကဲ့သို့ နှစ်ပေါင်းကြာမြင့်စွာ လုပ်ကိုင်ခဲ့ကြပါတယ်။ သူတို့ရဲ့ ဘိန်းခင်းကို ဖျက်ဆီးလိုက်မယ်ဆိုရင် သူတို့မည်သို့ နေထိုင်စားသောက်ကြမလဲ။ ဘိန်းအစားထိုးစိုက်ပျိုးဖို့ စီမံကိန်းအဆင်သင့်ရှိပြီလား။ အခြားလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများရောပေါ်ပေါက်နေပြီလားဆိုတဲ့မေးခွန်းကို မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ဟာ အစိုးရအဟောင်းနဲ့ အစိုးရအသစ် အကူးအပြောင်းကာလဖြစ်ပါတယ်။ အစိုးရအသစ်အနေနဲ့ စေ့စပ်ညှိနှိုင်းရေး၊ ရင်ကြားစေ့ရေးလုပ်ငန်းတွေ လုပ်ဆောင်နေသလို ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း အဓိကဖော်ဆောင်သွားနေတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအင်အားနဲ့ အစိုးရအကူအညီပူးပေါင်းပြီး ဘိန်းခင်းဧကတစ်သောင်းကျော် ဖျက်ဆီးမယ့်ကိစ္စမှာ တစ်ဖက်က ဘဝရပ်တည်ရေးအတွက် မဖြစ်မနေလုပ်ကိုင်စားသောက်နေရတဲ့ ဘိန်းစိုက်ပျိုးသူတွေဟာ ကျွန်တော်တို့ရဲ့တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဘိန်းစိုက်ပျိုးရေးလုပ်ငန်းကို အကာအကွယ်ပြုပြီးတော့ နေထိုင်နေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့

တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ အခြားတစ်ဖက်ကလည်း တိုင်းရင်းသားငွေရှင်ကြေးရှင်များနဲ့ တိုင်းရင်းသာမဟုတ်သူ စီးပွားရေးလုပ်ငန်းရှင်များရှိနေတဲ့အတွက် ဒီဖျက်ဆီးရေးလုပ်ငန်းကို သတိကြီးစွာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အယူအဆကို လွတ်လပ်စွာတင်ပြရမယ်ဆိုရင် ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်လို့ရှိရင် ကျွဲကူးရာရေပါစေလို မူးယစ်ဆေးဝါးအန္တရာယ်ကိုလည်း ပပျောက်သွားမယ်လို့ ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဦးလဂန်ဇယ်ဂျုံးရဲ့ အဆိုထဲက ဘိန်းခင်းဖျက်ဆီးရေးကို နှိုင်းနှိုင်းချိန်ချိန်လုပ်ကိုင်နိုင်ရန်အတွက် အကြံပြုချက်နဲ့အတူ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သန်လျင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ဖြစ်ပြီး ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ကာလမှာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးကိစ္စဟာ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ Global Issue ဖြစ်လာပါတယ်။ မူးယစ်အန္တရာယ်တွေကို တိုက်ဖျက်နှိမ်နင်းရေးနယ်ပယ်တွေကတော့ စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဖြန့်ချိမှုနဲ့ သုံးစွဲမှုတို့ပဲဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ ရင်ဆိုင်နေရတာကတော့ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းဖြစ်တဲ့ ဘိန်းစိုက်ခင်းများဖျက်ဆီးရာမှာ ကချင်လူထုက ပါဝင်ဆောင်ရွက်လာတဲ့အရေးကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီအခြေအနေကို အိုးတွေကမပူလို့မို့လို့ စလောင်းတွေကပဲ ထပြီးပူရတယ်လို့ပဲ ဆိုလိုချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ အာဖဂန်နစ္စတန်ပြီးလို့ရှိရင် ကမ္ဘာမှာ ဒုတိယဘိန်းစိုက်မှုအများဆုံးနိုင်ငံဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံး (UNODC)ကထုတ်ပြန်တဲ့ ၂၀၁၅ ခုနှစ် စာတမ်းမှာ မြန်မာနိုင်ငံဟာ ၂၀၀၆ ခုနှစ်မှာ မြေဧက ၂၁၀၀၀ ဟက်တာကို ဘိန်းစိုက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ မြေဧက ၅၇၀၀၀ အထိ တိုးမြှင့်ပြီးစိုက်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၆ ခုနှစ်မှာလည်းပဲ ဘိန်းတန်ချိန် ၃၄၀ ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဘိန်းတန်ချိန် ၆၇၀ တိုးမြှင့်ထုတ်လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နှစ်ထက်တစ်နှစ် လျော့မသွားဘဲ တိုးလာတဲ့မှတ်တမ်းတွေဟာ ကျွန်တော်တို့

နိုင်ငံရဲ့ဂုဏ်သိက္ခာကို အင်မတန်မှ ထိခိုက်စေပါတယ်။ ဒီလိုနာမည်ဆိုးစာရင်းတွေကနေ ပယ်ဖျက်ပြီးတော့ နိုင်ငံ့ဂုဏ်သိက္ခာကို မြင့်အောင်လုပ်ဖို့ဆိုလို့ရှိရင် အခြေခံကျတဲ့ ဘိန်းစိုက်ခင်းတွေဖျက်ဆီးရေးတာဝန်ဟာ အစိုးရရဲ့ အဓိကတာဝန်ပဲ ဖြစ်ပါတယ်။ သို့ပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဝိုင်းမော်မြို့နယ်မှာရှိနေတဲ့ ဘိန်းစိုက်ခင်းတွေဟာ အစိုးရရဲ့ထိန်းချုပ်မှုနယ်မြေထဲမှာရှိတယ်လို့ ပြည်တွင်းသတင်းစာများရဲ့ ဖော်ပြချက်အရ သိရှိရပါတယ်။ ဒါဟာ တာဝန်ရှိသူတွေရဲ့ ပေါ့လျော့မှုပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်လူထုအခြေပြု မူးယစ်ချေမှုန်းရေးအဖွဲ့တွေဟာ ရိုးရာဓားတွေကို ခါးမှာချိတ်ပြီး ဘိန်းခင်းတွေဆီကိုသာ ချီတက်မလာခဲ့ဘူးဆိုရင် ဒီဘိန်းစိုက်ခင်းတွေအကြောင်း ကျွန်တော်တို့လွှတ်တော်ထဲမှာ ဆွေးနွေးခွင့်ရခဲ့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တာဝန်ရှိတဲ့သူတွေ တာဝန်ပေါ့လျော့နေတဲ့အချိန်မှာ တာဝန်သိခဲ့တဲ့ ကချင်ပြည်သူလူထုကို ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၄ ရက်နေ့ထုတ် သတင်းစာများအရ ကချင်ပြည်နယ်အစိုးရနဲ့ မူးယစ်တိုက်ဖျက်ရေးအဖွဲ့ ညှိနှိုင်းမှုပြေလည်ပြီး နေရာခြောက်ခုတွင် အခြေချကာ ကန်ပိုက်တီးဒေသရှိ ဘိန်းခင်းများကို ဖျက်ဆီးမယ်ဆိုတဲ့ သတင်းကိုဖတ်ရတော့ စိုးရိမ်စိတ်တချို့လျော့ပါးခဲ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့မနက်မှာ ကိုယ်စားလှယ်တစ်ယောက် တင်ပြသွားခဲ့တဲ့အထဲမှာ မိုင်းပေါက်ကွဲတဲ့အတွက် ဒဏ်ရာတွေရတယ်ဆိုတဲ့သတင်းကိုကြားတော့ စိုးရိမ်မှုကပြန်ပြီးတော့ မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဘိန်းခင်းတွေကို လက်တွေ့ဖျက်ဆီးကြတဲ့အချိန်မှာ ကချင်လူထုအခြေပြု မူးယစ်တိုက်ဖျက်ရေးအဖွဲ့ဝင်များရဲ့လုံခြုံရေးကို အစိုးရအနေနဲ့ ဦးစားပေးစောင့်ရှောက်ဖို့ တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နောက်ထပ်ဆွေးနွေးလိုတာကတော့ နိုင်ငံသားတွေရဲ့ပူးပေါင်းဆောင်ရွက်မှုအကြောင်းပဲ ဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ပူးပေါင်းဆောင်ရွက်မှုမပါဝင်ဘူးဆိုလို့ရှိရင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စတွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဘူးဆိုတာ သမိုင်း သာဓကတွေရှိခဲ့ပါတယ်။ နိုင်ငံသားတွေရဲ့ နိုင်ငံရေးပါဝင်မှုကို တင်းတင်းကြပ်ကြပ်တားမြစ်ခဲ့တဲ့ အာဏာရှင်အုပ်ချုပ်မှုစနစ်အောက်မှာ နှစ်ပေါင်း ၅၀ ကျော်နေခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေတွေဟာ အင်မတန်နိမ့်ကျတဲ့ အခြေအနေကို ရင်ဆိုင်ရတယ်ဆိုတာ ကျွန်တော်တို့အားလုံး သိပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှုကြောင့်မို့လို့ နိုင်ငံရေး ရည်မှန်းချက်တွေ အောင်မြင်ခဲ့တဲ့ သမိုင်း သာဓကတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့အမျိုးသားခေါင်းဆောင်ကြီး

ဗိုလ်ချုပ်အောင်ဆန်းဟာ တော်လှန်ရေးကာလမှာ တော်လှန်ရေးဆိုတဲ့ စကား၏အဓိပ္ပာယ်ကို အခုလို ဖွင့်ပြပေးခဲ့ပါတယ်။ တော်လှန်ရေးဆိုတာ ပြည်သူလူထုက ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးဖို့ အတွက် ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းပေါင်းစုံနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုဟာ သူကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာပြီဆိုရင် တော်လှန်ရေးမှာအောင်မြင် ရမယ်ဆိုတဲ့ ယုံကြည်ချက်လည်း ရှိရပါမယ်။ ထို့အတူပဲ ဘယ်အချိန်မှာ ဘယ်လိုပါရမယ်ဆိုတာ ကိုလည်း သိရမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီလိုပြောခဲ့တဲ့အတိုင်းပဲ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တွေဟာ တော်လှန်ရေးမှာ ပြည်သူတွေနည်းလမ်းပေါင်းစုံနဲ့ ပါဝင် လာအောင် စည်းရုံးနိုင်ခြင်းအားဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ခေတ်ကာလအခြေအနေကို သုံးသပ်ကြည့်ရင်လည်း ၂၀၁၅ ရွေးကောက်ပွဲမှာ ပြည်သူတွေဟာ တက်တက်ကြွကြွနဲ့ မဲရုံတွေကို အရောက်လာပြီးမဲပေးခဲ့ကြတယ်။ လူမှုအသင်းအဖွဲ့တွေကလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် နည်းလမ်း ပေါင်းစုံနဲ့ ပူပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ လူထုခေါင်းဆောင်ရဲ့ အမျိုးသန့်ရှင်းရေးစီမံချက် မှာဆိုရင် တစ်နိုင်ငံလုံးဟာ တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်လာပါတယ်။ ဘိန်းခင်းဖျက်ဆီးရေး လုပ်ငန်းတွေမှာ ကချင်လူထုက ရှေ့တန်းကဦးဆောင်ပြီး ပါဝင်လာတာတွေကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှု အလေ့အထမှာ နိုင်ငံရေးအကြည်ဓာတ်နှင့်အတူ နိုးထလာခဲ့ပြီ ဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်နဲ့ လွှတ်တော်အသီးသီးကနေ ပေါ်ပေါက် လာမယ့်အစိုးရများဟာ ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ပြီး နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုအဆင့်အတန်းနှင့်လူ့အခွင့်အရေးညီမျှမှုတွေကို ဆောင်ရွက်ပေးသွား ဖို့လိုကြောင်းနှင့် ဆောင်ရွက်သွားမယ်ဆိုတာကို ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုလိုရှိရင် ခက်ခဲပြီးအန္တရာယ်များတဲ့ ဘိန်းခင်းများဖျက်ဆီးရေး လုပ်ငန်းကို တက်တက်ကြွကြွဦးဆောင်ခဲ့ကြတဲ့ ကချင်လူထုအခြေပြု မူးယစ်တိုက်ဖျက်ရေးအဖွဲ့ကို ထောက်ခံပါကြောင်း၊ ခံစားရခက်အသင်းကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ မိခင်(၃၀)ကို ဒီလွှတ်တော်နေရာကနေ ဂုဏ်ပြုပါကြောင်း၊ နိုင်ငံသားပြည်သူတစ်ရပ်လုံးလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးကြ ရန် လေးလေးစားစား တိုက်တွန်းပါကြောင်းနှင့် အစိုးရအသီးသီးအနေနဲ့လည်း မူးယစ်တိုက်ဖျက်ရေး လုပ်ငန်းအဆင့်ဆင့်မှာ ပြည်သူလူထုစနစ်တကျပါဝင်လာအောင် ယုံကြည်မှုတည်ဆောက်ရန်လိုအပ် မူကြမ်း

ကြောင်း လေးလေးနက်နက်တိုက်တွန်းရင်း ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အဆိုကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင် ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့အရေးကြီးအဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံကို သိသိသာသာ ထိခိုက်မှုရှိစေတဲ့ မူးယစ်ဆေးဝါး အဓိကထုတ်လုပ်တဲ့နိုင်ငံတွေနဲ့ တစ်ဆင့်ဖြန့်ချိတဲ့နိုင်ငံစာရင်းမှာ ထည့်သွင်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့စံချိန်တင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအပါအဝင် နိုင်ငံ အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းဆီးသိမ်းဆည်းရမှုသတင်းတွေကို မကြာခဏကြားသိနေရ ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပစ္စုပ္ပန်အတွက်သာမကဘဲ အနာဂတ်အတွက်ပါ အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့ လူငယ်တွေကို ဖျက်ဆီးနေတဲ့ကိစ္စဖြစ်သလို အဲဒီလူငယ်တွေအတွက် လည်း လူကြီးမိဘတွေက စိုးရိမ်ပူပန်သောကတွေ ရောက်ရှိနေရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေ ဖြစ်တဲ့ ဒက္ခိဏသီရိမြို့နယ်မှာလည်း မူးယစ်ဆေးဝါးအန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးကိစ္စများဟာ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့နဲ့လည်း ဆက်စပ်နေပါတယ်။ ဘိန်းစိုက်တောင်သူတွေ ရှိနေခြင်းဟာလည်း မြေသိမ်း၊ ယာသိမ်းကိစ္စများ၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် ဒေသဆိုင်ရာတောင်ယာထွက် ကုန်တွေရဲ့ဈေးကွက်တို့နဲ့လည်း ဆက်စပ်နေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှာ ၂၉-၅-၂၀၁၅ ရက်နေ့က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူးအစည်းအဝေး(၂/၂၀၁၅)ကို ကျင်းပ ခဲ့ကြောင်း၊ အဲဒီအစည်းအဝေးမှာ လူထုလှုပ်ရှားမှုအသွင်နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးစီမံ

ချက်(ယင်းမာ)ကို မေလ ၂၆ ရက်နေ့မှ ဇွန်လ ၂၆ ရက်နေ့အထိ တစ်လကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းအဖွဲ့များအားလုံးကိုလည်း အဆင့်ဆင့်သောဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနဲ့ အစိုးရမဟုတ်သောအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများအား သတင်းမီဒီယာများ၊ Social မီဒီယာများနှင့်ပူးပေါင်း၍ လုပ်ငန်းအဖွဲ့များအလိုက် စီမံချက်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်အရှိန်မြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ယခုစီမံချက်ပြီးဆုံးပါက အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်၍ အလားတူစီမံချက်များ စဉ်ဆက်မပြတ်အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း စသည်တို့ကို ဆွေးနွေးခဲ့တယ်ဆိုတဲ့အကြောင်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့သတင်း(Website)မှာ ဖတ်ရှုသိရှိခဲ့ရပါတယ်။ အလားတူပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာတွေမှာ အုပ်ချုပ်ရေးအဖွဲ့၊ နယ်မြေရဲတပ်ဖွဲ့၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များကို ကိုယ်စားပြုသူများနှင့် အတွင်းရေးမှူးတာဝန်ထမ်းဆောင်မယ့် အများဆန္ဒနဲ့ရွေးချယ်တဲ့သူတစ်ဦးပါဝင်တဲ့ ရပ်ကွက်/ကျေးရွာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားကြောင်းလည်း သိရှိရပါတယ်။

အထက်ဖော်ပြပါကဲ့သို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများကို ပါဝင်ခွင့်ပြုထားပြီး လူထုလှုပ်ရှားမှုအသွင်နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးစီမံချက်များကို ဆောင်ရွက်ခဲ့ဖူးပြီးဖြစ်သော်လည်း ကချင်လူထုအခြေပြု မူးယစ်တိုက်ဖျက်ရေးအဖွဲ့ရဲ့ ကန်ပိုက်တီးဒေသရှိဘိန်းခင်းများ တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ တားဆီးပိတ်ဆို့ဟန့်တားနှောင့်ယှက်မှုများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကြားသိနေရပါတယ်။ ထိုကဲ့သို့ ကချင်လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့(ဘိန်းအဖွဲ့)ရဲ့ ဘိန်းခင်းများတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်မှာ ဖွဲ့စည်းထားတဲ့ အဆင့်ဆင့်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့်လည်းကောင်း ဦးဆောင်၍ဖြစ်စေ၊ အကူအညီပေး၍ဖြစ်စေ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ကာလရှည်ကြာနေပြီဖြစ်တဲ့ ဆင်းရဲမွဲတေမှုရဲ့စိန်ခေါ်မှုတွေကို ဖြေရှင်းပေးနိုင်ရင်၊ ကျေးလက်စားနပ်ရိက္ခာမလုံလောက်မှုကို လျှော့ချပေးနိုင်ရင်၊ လက်နက်ကိုင်ပဋိပက္ခတွေ လျော့ပါးချုပ်ငြိမ်းသွားအောင် လုပ်ဆောင်ပေးနိုင်ရင် ဘိန်းစိုက်တောင်သူတွေဟာ ဘိန်းခင်းတွေဆီမသွားအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီးတော့လည်း ဘိန်းစိုက်တောင်သူတွေရဲ့ စားဝတ်နေရေး ရေရှည်ဖူလုံစေမယ့် အခြားနည်းလမ်းတွေကိုလည်း ဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့ကို အလေးထားဆောင်ရွက်ဖို့လိုပါတယ်။ သိမ်းဆည်းထားသောမြေယာများမှ နိုင်ငံအတွက်မလိုအပ်တဲ့ ယာမြေများကိုလည်း ပြန်လည်စွန့်လွှတ်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးဖို့၊ ဒေသဆိုင်ရာ တောင်ယာထွက်ကုန်သီးနှံများရဲ့ဈေးကွက်ကို ကာကွယ်မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။ အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်သာမကဘဲ ရောင်းဝယ်ဖောက်ကားသုံးစွဲနေမှုများကိုလည်း ထိထိရောက်ရောက်အရေးယူကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးပါရန်တင်ပြရင်း အဆိုရှင်ရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပြည်သူလူထုပါဝင်မှုအပေါ် ကြိုဆိုထောက်ခံရန် ဟန့်တားနှောင့်ယှက်သူများရဲ့အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများ အမြန်ဆုံးဆောင်ရွက်ပေးရန် အစိုးရသို့တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျူးတင်သွင်းခဲ့တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လွှတ်တော်ကတိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့တော့ ဒီလှုပ်ရှားမှုကို စတင်ခဲ့တဲ့ မိခင်အမျိုးသမီး ၃၀ ဦးရယ် နောက်ပြီးတော့ လူထုအခြေပြုအသင်းအဖွဲ့တွေနဲ့ ကချင်

မူကြမ်း

ပြည်နယ်မှလူငယ်တွေရဲ့ တာဝန်သိစိတ်ကို ပထမဆုံး ကျွန်မဦးညွှတ်ချင်ပါတယ်။ တကယ်တော့ မူးယစ်ဆေးဝါးပြဿနာဟာ ပြည်နယ်တစ်ခု၊ တိုင်းဒေသတစ်ခုရဲ့ပြဿနာသာမဟုတ်ဘဲနဲ့ နိုင်ငံတော်အဆင့် အမျိုးသားရေးပြဿနာအဖြစ် ရှုမြင်ခဲ့ကြပြီးဖြစ်ပါတယ်။ အဆိုရှင်ရဲ့ဆွေးနွေးချက်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွေမှာကတည်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာပြဿနာများနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့ကြတာ၊ ကန့်ကွက်သူမရှိ ထောက်ခံဆွေးနွေးခဲ့ကြတာ၊ သက်ဆိုင်ရာကလည်း မည်သို့မည်ပုံ ဆောင်ရွက်နေပါကြောင်းကို ရှင်းလင်းခဲ့တာတွေကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာကျတော့ အားလုံး တချို့လွှတ်တော်ကိုယ်စားလှယ်တွေ တင်ပြသွားခဲ့တဲ့အတိုင်းပဲ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အာဖဂန်နစ္စတန်ပြီးလို့ရှိရင် ဘိန်းစိုက်ပျိုးမှု ဒုတိယအများဆုံးနိုင်ငံအဖြစ်နဲ့ ၂၀၁၅ ခုနှစ်အထိ ဖော်ပြခံနေရတာကို ကျွန်မတို့ ဝမ်းနည်းဖွယ်ရာတွေ့မြင်ရပါတယ်။ လေ့လာသူတွေရဲ့အဆိုအရဆိုလို့ရှိရင်လည်း နှစ်ကာလအပိုင်းအခြားတစ်ခုမှာ ဘိန်းစိုက်ပျိုးမှုဟာ လျော့ကျခဲ့ပေမယ့် ၂၀၀၆ ခုနှစ်လွန်နောက်ပိုင်းတွေကနေစပြီးတော့ စိုက်ပျိုးမှုဟာ နှစ်ဆခန့်မြင့်တက်လာတယ်လို့ သိရပါတယ်။ ဘိန်းစိုက်ပျိုးမှုတင်သာမကဘဲနဲ့ စိတ်ကြွဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုတွေ မြင့်မားလာတာကိုလည်း သတင်းမီဒီယာများမှတစ်ဆင့် ကျွန်မတို့မြင်တွေ့ခဲ့ရပြီး၊ မြင်တွေ့နေရဆဲလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ ကျွန်မဆွေးနွေးလိုတာက ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးရဲ့ အဓိကသားကောင်ဖြစ်ခဲ့ရသူအများစုဟာ လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အနာဂတ်အကောင်းအဆိုးဟာ လူငယ်မျိုးဆက်သစ်တွေကို ဘယ်လောက်အထိ တန်ဖိုးထားပြုစုပျိုးထောင်ပေးသလဲ။ လူငယ်တွေရဲ့ဘဝတက်လမ်းတွေအတွက် ရွေးချယ်စရာတွေ ဘယ်လောက်များများရှိသလဲဆိုတဲ့အပေါ်မှာ အများကြီးမူတည်နေတယ်လို့ ထင်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့ တောင်ပေါ်ဒေသတွေအပါအဝင် ဒေသအချို့ကိုရောက်တဲ့အခါတိုင်း ကျွန်မ စိတ်မသက်မသာနဲ့ သတိထားမိတာတစ်ခုရှိပါတယ်။ အဲဒီဒေသတွေကို လျှပ်စစ်မီးမရောက်ပါဘူး။ ဒါပေမဲ့ စိတ်ကြွဆေးတွေရောက်ပါတယ်။ ဆေးခြောက်၊ ဘိန်းဖြူ အပေါစားအရက်မျိုးစုံ ရောက်ပါတယ်။ အဲဒီဒေသတွေကို စာကြည့်တိုက်တွေ မရောက်ပါဘူး။ စိတ်ကြွဆေးတွေရောက်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေမရောက်ပါဘူး။ စိတ်ကြွဆေးတွေတော့ ရောက်ပါတယ်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ကျန်းမာရေးအစီအစဉ်တွေမရောက်ပါဘူး။ စိတ်ကြွဆေးတွေ၊ ဆေးခြောက်၊ ဘိန်းဖြူ ရောက်ပါတယ်။ အဲဒီကနေတစ်ဆင့် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာနဲ့လူမှုဘဝဘေးထွက်ဆိုးကျိုးတွေ

အကုန်ရောက်ပါတယ်။ အဲဒီလူမှုဘဝဆိုးကျိုးတွေဟာ ဘိန်းစိုက်ပျိုးရာ ပြည်နယ်/ဒေသများသာမကဘဲ နဲ့ မြန်မာပြည်တစ်ပြည်လုံးအထိ ခြေဆန့်နေတာကိုလည်း ကျွန်မတို့ မြင်တွေ့ခံစားနေကြရပါပြီ။ အရင်ကဆိုလို့ရှိရင် ကျွန်မတို့ပတ်ဝန်းကျင်မှာ နံပါတ်ဖိုး၊ ဆေးခြောက်၊ စိတ်ကြွဆေးအစရှိတဲ့ မူးယစ်ဆေးစွဲနေတဲ့သူတွေဆိုတာ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာသာ ပုံပြင်တစ်ခုလိုမြင်တွေ့နေရပြီးတော့ အခု မကြာသေးတဲ့နှစ်များဆီကစလို့ ကျွန်မတို့ အိမ်နီးနားချင်းတွေ၊ ပတ်ဝန်းကျင်တွေမှာဆိုလို့ရှိရင် မကြာခဏဆိုသလို တွေ့မြင်နေကြရပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဆယ်စုနှစ်ပေါင်းများစွာ အဖက်ဖက်က ဖွံ့ဖြိုးမှုနောက်ကျနေတဲ့တိုင်းပြည်ကို ကောင်းမွန်သောပြောင်းလဲခြင်းနှင့် တိုးတက်အောင်မြင်ဖို့ရာမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျတဲ့သော့ချက်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနေတဲ့စိန်ခေါ်မှုတွေထဲမှာ အကြီးဆုံးစိန်ခေါ်မှုတစ်ခုလို့ ကျွန်မထင်မြင်မိပါတယ်။ ဒါ့ကြောင့်လည်း အဆိုရှင်ဦးလဂန်ဇယ်ဂျူးကို ထောက်ခံဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကြေညာစာတမ်းမှာ လူငယ်တွေနဲ့ပတ်သက်လို့ ဖော်ပြထားတာလေးတစ်ချက်ရှိပါတယ်။ လူငယ်ထုကို အဓိကခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးပြဿနာများနဲ့ ကူးစက်ရောဂါများ လျော့ကျစေရန် ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်မည်။ လူငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရန် အားကစားသိပ္ပံများဖွင့်လှစ်ခြင်း၊ အားကစားပြုလုပ်လေ့ကျင့်ရန် အားကစားကွင်းနေရာများ ပြန်လည်ဖော်ထုတ်ပေးခြင်းနှင့် ကျောင်းတွင်းအားကစားလှုပ်ရှားမှုများ မြှင့်တင်ပေးခြင်း အစရှိသောလူငယ်နှင့်အားကစားကဏ္ဍမြှင့်တင်ရေးများဆောင်ရွက်ရမည် အစရှိသဖြင့် လူငယ်နှင့်မူးယစ်ဆေးဝါးပြဿနာကိုလည်း ကျွန်မတို့ ဖော်ပြထားခဲ့ပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးခဲ့ပြီးတော့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူးပေါင်းပါဝင်စေရေး နိုင်ငံတော်မှမူဝါဒများချမှတ်ပြီးကြောင်း အဆိုတွေ၊ ပြန်လည်ဆွေးနွေးမှုတွေရှိပြီဆိုသော်ငြားလည်း ယခုထက်တိုင် ထုတ်လုပ်မှု၊ သုံးစွဲမှုမလျော့ကျနိုင်သေးတဲ့ အခြေအနေကိုကြည့်ရတာ ဘာများလွဲမှားနေပါသလဲ။ အကြီးအကျယ်လွဲမှားမှုတစ်ခုတော့ ရှိနေပြီလို့ ကျွန်မထင်မြင်မိပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ကြိမ်မှာတော့ ပြဿနာတွေကိုဖြေရှင်းတဲ့အခါမှာ အနာတခြား၊ ဆေးတခြားမဖြစ်ဖို့လည်းလိုအပ်ကြောင်း အရေးတကြီး ကျွန်မတင်ပြလိုပါတယ်။

မူကြမ်း

ဒါကြောင့်မို့လို့ အဆိုရှင်ဦးလဂန်ဇယ်ဂျုံးရဲ့အဆိုကို တရားဥပဒေစိုးမိုးမှုဆိုင်ရာ၊ အုပ်ချုပ်မှုရေးဆိုင်ရာ အလွဲအမှားများကနေပြီးတော့လည်း ပြန်လည်တည့်မတ်ရင်း ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ဦးလဂန်ဇယ်ဂျုံး၏ အရေးကြီးအဆိုပေါ် ကျွန်တော့်အနေနဲ့ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုပြဿနာများဟာ ကျွန်တော်တို့နိုင်ငံသာမက ကမ္ဘာ့ဖွံ့ဖြိုးစနိုင်ငံများအတွက်ပါ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ လတ်တလောကိစ္စများပဲဖြစ်ပါတယ်။ အကြောင်းရင်းခံကတော့ ဆင်းရဲမွဲတေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း၊ ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စတဲ့အကြောင်းပြချက်များဟာ မူးယစ်ဆေးဝါးစိုက်ပျိုးလုပ်ကိုင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကိုယ်တိုင်သုံးစွဲခြင်းစတဲ့ ပြဿနာရပ်များကို မွေးဖွားပေးခဲ့တာပဲဖြစ်ပါတယ်။ ယခုအခါ ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းများကို ဥပဒေများတိကျစွာပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်မှုများရှိနေသော်လည်း မိမိတို့ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်တတ်သူများ၊ ငွေကြေးရလွယ်၍ အပိုဝင်ငွေများရရှိအောင်ဆောင်ရွက်လိုကြသူများ၊ အခြားသီးနှံများစိုက်ပျိုး၍ အခြေအနေမပေးသော ဘိန်းကိုသာ ဦးစားပေးစိုက်ပျိုးလိုသူများဟာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်ကိုယ်တိုင် မဖွံ့ဖြိုးသေးတဲ့ဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့အတွက် ဘိန်းစိုက်တောင်သူများရဲ့ဘဝကို ပိုမိုသိရှိနားလည်ခွင့်ရရှိခဲ့ပါတယ်။ ဘိန်းစိုက်တောင်သူအများစုဟာ ဝေးလံခေါင်သီခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကိုအကြောင်းပြုပြီး နှစ်စဉ်နှစ်တိုင်း ဘိန်းစိုက်ပျိုးမှုသံသရာထဲမှာပဲ လည်နေကြရခြင်းဖြစ်ပါတယ်။ ဝမ်းစာဖူလုံမှုအဆင့်ထိသာရရှိကြပြီး ချမ်းသာနိုင်လောက်တဲ့အတိုင်းအတာထိ မရရှိနိုင်ကြပါဘူး။ ဒါကို စီးပွားရေးအကွက်မြင်တဲ့ လုပ်ငန်းရှင်ကြီးတွေက ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လာကြခြင်းဖြစ်ပါတယ်။ ပေါက်ပြားနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာကနေ ခေတ်မီစက်ကိရိယာတွေနဲ့ ထွန်းယက်

မူကြမ်း

စိုက်ပျိုးလာကြတယ်။ အဆင့်မီပေါင်းသတ်ဆေး၊ ပောက်မှန်းအားတိုးဆေး၊ မြေသြဇာတွေနဲ့ တိုးချဲ့လုပ်ကိုင်လာရာကနေ ကြီးမားကျယ်ပြန့်တဲ့ရပ်ဝန်းတစ်ခုအဖြစ် ရောက်ရှိခဲ့ကြခြင်းဖြစ်ပါတယ်။ တချို့နေရာမှာဆိုရင် ဒေသခံတွေထက် ရပ်ဝေးကလာရောက်လုပ်ကိုင်ကြတာကို ပိုမိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ယနေ့လက်ရှိအချိန်ထိ နည်းမျိုးစုံနဲ့ တိုးတက်ပြန့်ပွားထွန်းကားနေတဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ ကိုယ်တိုင်သုံးစွဲမှုတွေကို အမြစ်ပြတ်တွန်းလှန်ဖို့ဆိုတာ ဘိန်းခင်းတွေကိုဖျက်ဆီးပစ်ရုံမျှနဲ့ ကျွန်တော်တို့အောင်မြင်နိုင်မလား။ နိုင်ငံတစ်ဝန်းဆောင်ရွက်နေတဲ့ အစားထိုးသီးနှံတွေ ဘယ်အတိုင်းအတာထိ ထပ်မံတိုးချဲ့သင့်ပါသလဲ။ ဘိန်းစိုက်တောင်သူတွေရဲ့ လူမှုစီးပွားဘဝကျန်းမာရေး၊ ပညာရေးကိစ္စတွေကို ဘယ်အတိုင်းအတာထိ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်မလဲ။ လောလောဆယ်ဆယ်ရင်ဆိုင်ကြုံတွေ့နေရတဲ့ စားဝတ်နေရေးပြဿနာတွေကို ဘယ်လိုကူညီဖြေရှင်းပေးနိုင်မလဲစသည်ဖြင့် ပံ့ပိုးမှုပေါင်းများစွာကို ကျွန်တော်တို့ ပါဝင်ထည့်တွက်စဉ်းစားဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။

ဒါ့အပြင် လူ့အခွင့်အရေးတွေ၊ စည်းမျဉ်းစည်းကမ်းဥပဒေတွေနဲ့လည်း ကိုက်ညီဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ နောက်ဆုံးအကြံပြုချက်အနေနဲ့ နေရာတစ်ခု၊ ဒေသတစ်ခုကို ဦးတည်ဆောင်ရွက်ခြင်းမျိုးမဖြစ်စေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာထိ လုပ်ဆောင်သွားနိုင်မယ့် ရည်မှန်းချက်၊ ဦးတည်ချက်နဲ့ ဘက်စုံထောင့်စုံကောင်းမွန်တဲ့ မူဝါဒလုပ်ငန်းစဉ်များကို လက်ရှိအစိုးရလက်ထက်မှာရော၊ နောင်တက်လာမယ့် အစိုးရသစ်အဖွဲ့ကပါ ချမှတ်ဆောင်ရွက်သွားဖို့ အထူးပဲလိုအပ်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာ ဒေသအသီးသီးရှိတိုင်းရင်းသားပြည်သူများအနေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး မလိုလားအပ်သော လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခနှင့် ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အခက်အခဲ၊ အကြပ်အတည်းရောက်၍ ဒုက္ခဖြစ်စေမယ့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရှောင်ရှားပြီး ဥပဒေဘောင်အတွင်း၌သာ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခွင့်ပြုချက်ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါတယ်။ မိမိတို့အနေဖြင့် ယခုကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နေသည့်ကာလအတွင်း မလိုလားအပ်သော

ပဋိပက္ခများမဖြစ်ပေါ်စေရေးအတွက် အထူးဂရုပြု၍ဆောင်ရွက်သွားသင့်ပါကြောင်း နိဂုံးချုပ်တင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သီပေါမဲဆန္ဒနယ် ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရာမှာ အစိုးရအဖွဲ့အစည်းနဲ့သာ တိုက်ဖျက် နှိမ်နင်းရန် မလွယ်ကူဘဲ ပြည်သူ့အားဖြင့် ဝိုင်းဝန်းမှသာ တိုက်ဖျက်နိုင်မယ်ဆိုတာကို အစိုးရပိုင်းကလည်း သိရှိနားလည်သဘောပေါက် ထားပြီးသားဖြစ်ပါတယ်။ မှန်လည်းမှန်ကန်ပါတယ်။ နိုင်ငံရဲ့အရေးအရာ ကိစ္စတော်တော်များများဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကသာ ထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော့်မဲဆန္ဒနယ် သီပေါမြို့နယ်မှာရှိတဲ့ နမ့်လန့်ဒေသ ဟာ အတော်ဆိုးရွားဖြစ်ပေါ်နေတဲ့ ဒေသလည်းဖြစ်ပါတယ်။ လက်ရှိမှာ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေကို ဒေသခံလူငယ် အဖွဲ့အစည်းတွေက ဝိုင်းဝန်းဖမ်းဆီးပြီးတော့ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ အုပ်ချုပ် ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်းပဲ ဌာနဆိုင်ရာများရဲ့ ပူးပေါင်းဆောင် ရွက်မှုအားနည်းနေသေးတာကိုလည်း တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ မူးယစ် ဆေးဝါးရောင်းဝယ်သူတွေကို ဖမ်းဆီးခဲ့ရာမှာ ၁၁ ဦးဖမ်းမိခဲ့ပါတယ်။ ဒါတွေကို ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အရေးယူနိုင်မှုမရှိတာကို တွေ့ရပါတယ်။

ဒါ့အပြင် အရင်ပူးပေါင်းဆောင်ရွက်မှုလုပ်စဉ်က ဖမ်းဆီးခဲ့တဲ့ လေးယောက်ကို အရေးမယူဘဲ ပြန်လည်လွှတ်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒေသခံလူငယ်တွေရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်မှုမှာ မချင့်မရဲဖြစ်နေကြပါတယ်။ ဌာနဆိုင်ရာပိုင်းကိုလည်း ယုံကြည်မှု၊ အားနည်းမှု ဖြစ်နေကြပါတယ်။ ယခု တင်ပြလာတဲ့ကိစ္စကို လေ့လာကြည့်မယ်ဆိုရင်လည်း ဒီမူးယစ်ဆေးရဲ့ဒုက္ခကို ကိုယ်တိုင်ကိုယ်ကျခံစား သိရှိခဲ့ကြတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်အမျိုးသမီး ၃၀ ဦးက စတင်ဖွဲ့စည်းခဲ့တယ်လို့ လေ့လာ သိရှိရပါတယ်။ ပြည်သူလူထုတွေကိုယ်တိုင် ပါဝင်လုပ်ဆောင်လာခဲ့တဲ့ လှုပ်ရှားမှုကြီးပဲဖြစ်ပါတယ်။

အတော်လေးကိုပဲ ထိထိရောက်ရောက်လုပ်ဆောင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ကချင်ပြည်နယ် ပြည်သူလူထုရဲ့ နိုးကြားတက်ကြွမှုကိုလည်း အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးမှာ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုကို ကျွန်တော်တို့ ကြိုဆိုထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုရှင်က အရေးတကြီးအဆိုအဖြစ်တင်ပြရာမှာ ယခုကိစ္စဟာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းသူတွေနဲ့ မူးယစ်ဆေးဝါးစိုက်ပျိုးသူတွေအကြား ထိပ်တိုက်တွေ့နေကြတဲ့အခြေအနေ ဖြစ်ပါတယ်။ ပြည်သူလူထုက နိုးကြားတက်ကြွစွာ လုပ်ဆောင်ခဲ့တယ်ဆိုသော်လည်း အခက်အခဲများ၊ အဟန့်အတားများ များစွာကို ကျော်ဖြတ်လှုပ်ရှားခဲ့ကြရတာဖြစ်ပါတယ်။ ဒေသလုပ်ဖိုးနဲ့ တိုက်ခိုက်ခံခဲ့ရကြောင်းကိုလည်း သိရှိရပါတယ်။ စီးပွားဖြစ်အများအပြား စိုက်ပျိုးထားတဲ့ဒေသကို သွားတဲ့လမ်းမှာလည်း လက်နက်မျိုးစုံကိုင်ဆောင်ထားတဲ့ လူအင်အား ၁၀၀၀ ကျော်ခန့်ရှိတဲ့ လူတစ်စုက ပိတ်ဆို့စောင့်ဆိုင်းနေတဲ့အတွက် အင်မတန်ကို စိုးရိမ်ရတဲ့အခြေအနေ၊ ထိခိုက်ရှုပ်ထွေးလာနိုင်တဲ့အခြေအနေတစ်ခုလည်း ဖြစ်ပါတယ်။ ဟန့်တားနှောင့်ယှက်သူများဆိုတဲ့နေရာမှာ ဘိန်းခင်းပိုင်ရှင်တွေ၊ သူတို့နဲ့ဆက်စပ်နေတဲ့ အကျိုးတူစီးပွားတူပုဂ္ဂိုလ်တွေက အဓိကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီအချိန်က ဘိန်းစေးခြစ်ချိန်နဲ့ နီးကပ်နေတဲ့အချိန်ဖြစ်တယ်လို့လည်းသိရပါတယ်။ ဒါကြောင့်မို့လို့ အကျိုးအမြတ်ရချိန်နီးကာမှ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းတဲ့အဖွဲ့တွေ ဖျက်ဆီးပစ်ကြတော့မယ့်အရေးကို မူးယစ်ဆေးဝါးကြောင့် အကျိုးဖြစ်နေသူတွေ ဆုံးရှုံးနစ်နာကြတော့မှာကို အပြင်းအထန်ခုခံနေကြတာဖြစ်ပါတယ်။ တန်ပြန်တားဆီးမယ့်သူတွေဘက်ကလည်း အင်အားမသေးတဲ့အတွက် ဒီမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရာမှာ ပူးပေါင်းပါဝင်လာကြတဲ့ ပြည်သူလူထုကို အဟန့်အတားပြုတဲ့ဘက်က အန္တရာယ်မပေးနိုင်အောင် အစိုးရဘက်က အကောင်းဆုံးစီမံအကာအကွယ်ပေးသင့်ပါတယ်။ အဆိုရှင်တင်ပြခဲ့သလို အရေးတကြီး၊ သတိရှိရှိ၊ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးရမယ့်အခြေအနေလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမှာ ဝိုင်းမော်မြို့နယ်အတွင်း သက်ဆိုင်ရာတွေနဲ့ အစိုးရအဖွဲ့၊ ရဲတပ်ဖွဲ့၊ တပ်မတော်တို့အကူအညီနဲ့ ဖျက်ဆီးနေသော်လည်း အနည်းငယ်မျှသာ ဖျက်ဆီးနိုင်တဲ့အတွက်ကြောင့်မို့လို့ သိပ်မထိရောက်နိုင်မှန်းသိတဲ့ ပြည်သူလူလုက အားမလိုအားမရဖြစ်ပြီး ပါဝင်ဆောင်ရွက်လိုခြင်းဖြစ်တယ်ဆိုတာကို လေ့လာသိရှိရပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့ တင်ပြဆွေးနွေးချက်အရ ဘိန်းစိုက်ပျိုးသူတွေဘက်က ကိုယ်စားလှယ်စေလွှတ်ပြီး အစိုးရအစီအစဉ်နဲ့ ဖျက်ဆီးမယ်ဆိုရင် လက်ခံ

နိုင်တဲ့အကြောင်း တင်ပြဆွေးနွေးသွားတာကို ကြားသိရပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့တင်ပြချက်အရ အဆိုပါဘိန်းစိုက်သူများဟာ တစ်ဖက်နိုင်ငံသားများက လက်ဝါးကြီးအုပ်စီးပွားဖြစ် လုပ်ကိုင်နေတာကိုတွေ့ရလို့ နိုင်ငံတော်ရဲ့အချုပ်အခြာနှင့်ပတ်သက်၍လည်း ပုံရိပ်ကျဆင်းရပါတယ်ဆိုတဲ့အကြောင်းကိုလည်း ဆွေးနွေးတင်ပြသွားတာကို ကြားလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်ပြီး အစိုးရဘက်ပိုင်းကနေပြီးတော့ ပြည်သူလူထုရဲ့ တက်ကြွစွာပါဝင်လာမှုကို ကူညီပေးသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဒါကို အစိုးရဘက်က အခွင့်အရေးတစ်ရပ်အနေနဲ့ ပါဝင်ကူညီဆောင်ရွက်ပေးလိုက်မယ်ဆိုလို့ရှိရင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့အကူအညီနဲ့ အောင်မြင်မှုမရရှိခဲ့တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့သာ တိုက်ဖျက်နှိမ်နင်းကြမယ်ဆိုရင် မလွဲမသွေအောင်မြင်မယ်ဆိုတဲ့အကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့က ဖတ်ရှုကြားသိလိုက်ရတဲ့သတင်းတွေအရတော့ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးက ဖေဖော်ဝါရီလ ၂၃ ရက်က ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီးက လူထုအခြေပြုအဖွဲ့နဲ့ ဌာနဆိုင်ရာအဖွဲ့ဝင်တွေပူးပေါင်းပြီး ဘိန်းခင်းတွေကို ဖျက်ဆီးမယ်။ လူထုအခြေပြုအဖွဲ့ကို ပြည်နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့နဲ့ တပ်မတော်တို့ကနေ လုံခြုံရေးယူပြီး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့သတင်းကို ကြားသိလိုက်ရပါတယ်။ လက်ရှိမှာ လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးအဖွဲ့ ၂၅၀၃ ဦးကို မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဖွဲ့ဝင် ၉၅ ဦးအပါအဝင် တပ်မတော်သားတွေက လုံခြုံရေးပေးမယ်ဆိုတဲ့အကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ကြီးက ပြောဆိုတဲ့သတင်းလည်း ပါလာပါတယ်။ ဒါဟာ အင်မတန်မှ ကောင်းမွန်တဲ့ ဂုဏ်ယူဖွယ်ရာကောင်းတဲ့ ပြည်သူလူထုရဲ့ဆန္ဒကို အလေးပြုတဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ပဲဖြစ်ပါတယ်။ ပြည်သူများရဲ့ကိုယ်စား ဝမ်းသာကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် အဆိုရှင် ဝိုင်းမော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးမျိုးထက်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး တင်သွင်းတဲ့ အရေးကြီးအဆိုနှင့် စပ်လျဉ်း ပြီးတော့မှ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point များဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကမ္ဘာမှာလူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိတဲ့ အကြီးမားဆုံးသောအန္တရာယ်ဟာ မူးယစ်ဆေးဝါး အန္တရာယ်ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခုတည်းနှင့် သက်ဆိုင်တဲ့ ပြဿနာမဟုတ်ဘဲနဲ့ တစ်ကမ္ဘာလုံး လူသားမျိုးနွယ်တစ်ရပ်လုံးနဲ့ သက်ဆိုင်နေတာဖြစ်ပါတယ်။ မြန်မာ နိုင်ငံမှာလည်း မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြတာတွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းကို ဘိန်းစတင်ဝင်ရောက်လာမှုကို လေ့လာကြည့်မယ်ဆိုရင် တောင်ငူခေတ်မှ စတင်ခဲ့ပြီးတော့မှ ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြီးတဲ့နောက်မှာ နယ်ချဲ့တို့ရဲ့ ကျူးကျော်မှု နှင့်အတူ ရောက်ရှိလာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာပြည် ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသများသို့ အာသံပြည်နယ်မှ ဘိန်းမျိုးစေ့များကို သယ်ဆောင်ဖြန့်ဖြူးရာမှ ဘိန်းခင်းများပြန့်ပွားလာခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးတော့ တိုင်းရင်းသားများရဲ့ အမျိုးသားရေးစိတ်ဓာတ်များကို ချိုးနှိမ်နိုင်ရန် ဆောင်ရွက်မှုအဖြစ် ဘိန်းစိုက်ပျိုး ခြင်း၊ ထုတ်လုပ်ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းအလေ့အထများ ပေါ်ပေါက်လာခဲ့ရတာ ဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့တို့ဟာ ကချင်တောင်တန်းဒေသတို့၌ တရားဝင်ဘိန်းစိုက်ခွင့်ပြုတဲ့အပြင် ဘိန်းခန်း များဖွင့်လှစ်ပြီးတော့မှ ဘိန်းရှူခြင်းကိုမှတ်ပုံတင်ကာ ခွင့်ပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကိုလိုနီနယ် ချဲ့တို့ရဲ့ ရှေ့ပြေးလက်နက်အဖြစ် ဘိန်းကိုအသုံးပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အောက်မြန်မာပြည် ကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးတဲ့နောက်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုဟာ အထက်မြန်မာပြည်ကို တစ်စတစ်စ ပျံ့နှံ့ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ ခေတ်အဆက်ဆက် အစိုးရတို့ဟာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်တဲ့ ဆေးဝါးဥပဒေကိုပြဋ္ဌာန်းပြီး ထိရောက်စွာ ဆောင်ရွက်ခဲ့ကြပြီး ကျွန်တော်တို့ တပ်မတော်အနေနဲ့လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်

ဘိန်းစစ်ဆင်ရေးကြီးများ ဆောင်ရွက်ခဲ့ရာမှာ ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရဟာ ဘိန်းခင်းများကိုဖျက်ဆီးခြင်းကို မဲလုံးစစ်ဆင်ရေး၊ နှင်းပန်းစစ်ဆင်ရေး၊ ပေါက်ပန်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနဲ့ ဟေမာန်ဦး စစ်ဆင်ရေးများအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ငရဲပန်းအဆင့်(၁)မှ အဆင့်(၈)အထိ စစ်ဆင်ရေးများတွင် လူအင်အားဖြင့် လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း တောင်ရန်ရှင်းအဆင့်(၁)မှအဆင့်(၄)အထိ စစ်ဆင်ရေးများတွင် လေယာဉ်ဖြင့် ဝေဟင်မှ ဆေးဖြန်း၍လည်းကောင်း၊ မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်း စစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ချင်းတွင်းစစ်ဆင်ရေး၊ ရတနာပုံစစ်ဆင်ရေး၊ ဇွဲကပင်စစ်ဆင်ရေး၊ ရာမညစစ်ဆင်ရေး စသည်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပြီးတော့မှ ဘိန်းခင်း စုစုပေါင်း ၁၉၉၇၆၂.၈ ဧကကို ဖျက်ဆီးနိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ တပ်မတော်မှ နိုင်ငံတော်အာဏာ ရယူထိန်းသိမ်းခဲ့တဲ့ ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ချေမှုန်းရေး စစ်ဆင်မှုများကို အမျိုးသားရေး အသွင်ဖြင့်ဆောင် ရွက်ခဲ့တဲ့အခါမှာ တပ်မတော်သား ၂၅၉ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီးတော့မှ ၉၃၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ နိုင်ငံတော်နှင့် တပ်မတော်အတွက် ကြီးမားလွန်းတဲ့ အရင်းနှီးဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သုံးသပ်တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြန်မာ့တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စစ်ဆင်ရေးများကို ၁၉၇၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တိုက်ခိုက်ချေမှုန်းခဲ့ရာမှာ ဘိန်း ၅၄၅၃ ကီလို၊ ဘိန်းဖြူ ၁၅၉.၆၁ ကီလို၊ ဘိန်းညို ၃၄၄.၆၈ ကီလို၊ ဘိန်းရည်၂၀၃၃ ဂါလံ၊ လက်နက်မျိုးစုံ ၁၅၉ လက်၊ မိုင်း ၂၃၆၄ လုံး၊ ဆက်သွယ်ရေးစက် ၁၉ လုံး၊ ဘိန်းချက်စက်ရုံ ၁၅ ရုံနဲ့ ရန်သူ ၃၄၄ ယောက်ကို အသေရမိခဲ့တာ ဖြစ်ပါတယ်။ တပ်မတော် အစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်ခဲ့ပြီးတော့မှ ပထမငါးနှစ် စီမံကိန်းကာလ ၁၉၉၉- ၂၀၀၀ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများမှာရှိတဲ့ ၂၂ မြို့အား ပထမဦးစားပေးအဖြစ် လည်းကောင်း၊ ဒုတိယငါးနှစ်စီမံကိန်းကာလ(၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈ -၂၀၀၉)ခုနှစ်အထိ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသနှင့် ကချင်ပြည်နယ်ရှိ မြို့နယ် ၂၀ ကိုလည်းကောင်း၊ တတိယ ငါးနှစ်စီမံကိန်းကာလ (၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄ အထိ) ချင်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ် မြို့နယ်ငါးမြို့နယ်နှင့် ကိုးမြို့နယ်တို့မှာလည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

လက်ရှိလည်း ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းလုံးဝမရှိဘဲ ဥပဒေနှင့်အညီ ပြည်သူလူထုနှင့်လက်တွဲကာ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တာဝန်ကျရာနယ်မြေအသီးသီးမှာ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရရဲ့ အစီအစဉ်ဖြင့်ဆောင်ရွက်လျက်ရှိတဲ့ ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရင်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်ဟာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားမပြိုကွဲရေး၊ တိုင်းရင်းသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့် ရှောက်သွားမှာဖြစ်တဲ့အတွက်ကြောင့် လက်ကမ်းကြိုဆိုပြီး ဥပဒေနှင့်ညီတဲ့ လုပ်ဆောင်ချက်များကို လက်ကမ်းကြိုဆိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊၁၁း၅၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁ နာရီတိတိမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာပါပြီ ခင်ဗျား။

[အစည်းအဝေးကို ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး (ခ) ဒေါ်မေစိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်မြင့်မြင့်စိုး(ခ) မေစိုး(ဗိုလ်တထောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင့်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး တင်သွင်းသည့် အရေးကြီးအဆိုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကို အလွယ်တကူ ရရှိစေသည့်အတွက် လူကြီး၊ လူငယ်၊ အမျိုးသမီးများမကျန် မူးယစ်ဆေးဝါးသုံးစွဲနေခြင်းကြောင့် တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်များ အလွယ်တကူဆုံးရှုံးလျက်ရှိနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်လျက်ရှိနေပါပြီ။ ပုံမှန်ဝင်ငွေရရှိသော အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးအခွင့်အလမ်းများ သာတူညီမျှနည်းပါးနေသည့်အတွက် ဝင်ငွေရလွယ်သည့် ဒုစရိုက်လုပ်ငန်းများအပေါ် အာရုံစိုက်စိတ်ဝင်စားလာကြပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများ၏ အကျင့်ပျက်ခြစားမှုများကြောင့်လည်း မူးယစ်ဆေးဝါးရောင်းဝယ်မှု ပြဿနာများသည် ယနေ့ထိတိုင် ဆက်လက်ကြီးထွားလျက် ရှိနေပါတယ်။ မူးယစ်ဆေးဝါးမျိုးစုံကို မြို့ကြီးများအပြင် မြို့ငယ်၊ ကျေးရွာများအထိ လမ်းကြောင်းမျိုးစုံမှ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်နေခြင်းကြောင့် လက်တည့်စမ်းလိုသည့် ဆယ်ကျော်သက်အမျိုးသား၊ အမျိုးသမီး၊ လူငယ်ထုများအကြားတွင် ဖက်ရှင်တစ်ခုအသွင်ဖြင့် သုံးစွဲမှုများမြင့်တက်နေလျက်ရှိနေပါတယ်။ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဖြန့်ဖြူးရောင်းချမှုတို့ကို လျော့ကျစေရေးမှာ ယခုထက် ပိုမို၍ တာဝန်ရှိသူအဖွဲ့အစည်းများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ထိထိရောက်ရောက် တားဆီးတိုက်ဖျက်သွားရန် အကြံပြုတင်ပြအပ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ လက်ရှိသုံးစွဲလျက်ရှိသော မူးယစ်ဆေးဝါးများမှာ ဘိန်းအပြင် ယာဘ(ခ) Amphetamine အပါအဝင် ခေါင်းခါဆေး(ခ) အက်စ်စီသာမင်း၊ ရေခဲ(ခ)Ice နှင့် ဆေးခြောက်များ သုံးစွဲမှုများလည်း ယနေ့ပိုမိုများပြားလျက်ရှိနေတာကို တွေ့ရပါတယ်။ ဘိန်းစိုက်ပျိုးရာဒေသများတွင် ဘိန်းထက် ပိုမိုဝင်ငွေကောင်းသော အခြားလုပ်ငန်းများမရှိခြင်း၊ ဘိန်းကုန်သည်ကြီးများ၏ စည်းရုံးသိမ်းသွင်းမှုများကြောင့် ယနေ့အထိတိုင် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသား လူငယ်များကို မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာကြသော အကြမ်းဖက်မှု၊ သတ်ဖြတ်မှု၊ သေကြောင်းကြံစည်မှု၊ လုယက်မှု၊ မုဒိမ်းမှုကဲ့သို့သော အမှုကြီးများသည်

ကြီးမားသော အန္တရာယ်အဖြစ် ခြိမ်းခြောက်လျက်ရှိနေပါတယ်။ သမ္မတဦးသိန်းစိန်လက်ထက် ထုတ်ပြန်ခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်လာသူ တစ်သောင်းကျော်တွင် လူသတ်မှုကျူးလွန်ခဲ့သူ ၂၃၀၀ ကျော်၊ မုဒိမ်းမှုကျူးလွန်ခဲ့သူ ၁၇၀၀ ကျော်အပါအဝင် ခိုးဆိုးလုနှိုက်ပြစ်မှုကျူးလွန်သူအများစုပါဝင်နေခြင်းကြောင့် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးဆုံး စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်နေပါတယ်။ မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် လူငယ်လူရွယ်များ၏စိတ်ဓာတ်မှာ နိမ့်ကျလျက်ရှိပြီး လူမှုရေးပြဿနာများ များစွာဖြစ်ပေါ်နေလျက်ရှိပါတယ်။ နိုင်ငံအတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များ ကျဆင်းနေမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများလည်း ကျဆင်းလျက်ရှိနေပါတယ်။ လူဆိုးလူမိုက်ပပျောက်ရေး အထူးစီမံချက်ဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်မှုများရှိနေသော်လည်း တရားရုံး၌ အမှုစီရင်ရာတွင် တစ်နှစ်နီးပါးကြာမြင့်နေခြင်း၊ ထိရောက်သော ပြစ်ဒဏ်ချမှတ်မှုများ မရှိခြင်း၊ အယူခံအဆင့်ဆင့်၌ ပြစ်ဒဏ်များလျော့ပေါ့စေခဲ့ခြင်း၊ ထောင်တွင်း၌ပင် မူးယစ်ဆေးဝါးသုံးစွဲရယူနိုင်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ရရှိနေခြင်း၊ သေဒဏ်ချမှတ်ခံရသော လူသတ်မှုကျူးလွန်သူများပင်လျှင် ခုနစ်နှစ်နှင့် ပြန်လည်လွတ်မြောက်လာခြင်းတို့ကြောင့် ရန်ကုန်၊ မန္တလေးအစရှိသော မြို့ကြီးများတွင် နေ့ခင်းကြောင်တောင်၌ပင် လုယက်ခြင်း၊ အကြမ်းဖက်ခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းများအပြင် ရဲတပ်ဖွဲ့ဝင်များကိုပါ ထိခိုက်တိုက်ခိုက်ခြင်းများ ခံနေရသည်ကို တွေ့ရှိနေရပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အမျိုးသားရေးတာဝန်အဖြစ် တစ်မျိုးသားလုံးက ပူးပေါင်းတိုက်ဖျက်နိုင်သည့်မူဝါဒများကို တိတိကျကျထိထိရောက်ရောက် ဦးစားပေးဆောင်ရွက်ရန် အလွန်ပင် လိုအပ်လျက်ရှိနေပါသဖြင့် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ တရားဝင်ဖွဲ့စည်းထားသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းရင်း ဝိုင်းမော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျူး၏ အရေးကြီးအဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ ဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၄-၂-၂၀၁၆ နေ့မှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျူး၏ အရေးကြီးအဆိုကို အလေးအနက် အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးဖျက်ဆီးတိုက်ဖျက်ရာမှာ အမျိုးသားရေးစီမံကိန်းတစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဘိန်းခင်းများ ဖျက်ဆီးခြင်းသာမက မူးယစ်ဆေးဝါးအဖြစ် ထုတ်လုပ်သော ဆေးများသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း အစရှိသည်တို့ကို မူးယစ်ဆေးဝါးဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းဖြူ ဘိန်းမဲ၊ ရာမဆေးများကြောင့် သုံးစွဲသူများ၏ ဘဝကို အညွန့်တုံးစေပါတယ်။ မူးယစ်ဆေးဝါးများ၏ ကျေးကျွန်ဖြစ်စေပါတယ်။ မိမိဘဝကိုသာမက မိမိရဲ့မိသားစုဘဝကိုပါ ပျက်စီးစေပါတယ်။ လူနေမှုစနစ်ကိုလည်း ပျက်စီးစေပါတယ်။ တိုင်းပြည်ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်စီးစေပါတယ်။ ဒါတင်မကသေးဘူး။ ရာဇဝတ်ကျူးလွန်မှုကို ပို၍မြင့်မားစေပါတယ်။ ဒီထက်မက မူးယစ်ဆေးဝါးဂိုဏ်းများရဲ့ အစေခံ၊ ကျေးကျွန်၊ မူးယစ်ဆေးဝါးအဓိပတိရာဇာများရဲ့သြဇာခံ ကျေးကျွန်များအဖြစ်သို့ ကျရောက်နိုင်စေပါတယ်။ ဒီအနိဋ္ဌာရုံတွေဟာ ဘယ်ကနေပေါ်လာလဲဆိုရင် ကျွန်တော်တို့ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ကရင်ပြည်နယ်မှာ ရာဇဝတ်မှု ၉၀ ရာခိုင်နှုန်းကို ကြည့်လိုက်အခါမှာ မူးယစ်ဆေးဝါးကြောင့် ဖြစ်တာကို တွေ့ရပါတယ်။ သက်ငယ်မုဒိမ်းမှုများမှာဆိုရင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်နေတာကို ကျွန်တော်တို့ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကော့တင်းရှူးကျေးရွာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ စောဂျွန်နီလုပ်ကြံခံခဲ့ရပါတယ်။ မူးယစ်ဆေးဝါးကြောင့်ဖြစ်ပါတယ်။ ဒီဥက္ကဋ္ဌက ဘာပြောခဲ့လဲဆိုရင် ကျေးရွာမှာရှိတဲ့လူငယ်တွေ၊ ရွာသူရွာသားတွေ မူးယစ်ဆေးဝါးမသုံးစွဲဖို့၊ မရောင်းဝယ်ဖို့ တိုက်တွန်းနှိုးဆော်ခဲ့တာကနေ မူးယစ်ဆေးဝါးရာဇာများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ ထို့နည်းတူ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ကွမ်းယာဆိုင်တွေမှာဆိုရင် မူးယစ်ဆေးဝါးတွေကို အလွယ်တကူရရှိနေနိုင်တာ တွေ့ရပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၂-၂-၂၀၁၆ မှာ The Voice Daily သတင်းစာကနေ ဖော်ပြတာကို ဖတ်ရှုရပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနယ်စပ်တစ်လျှောက်မှာရှိတဲ့ ရာဘစက်ရုံများကို ဖယ်ရှားပေးရန် ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး Khan Kamal က ပြောကြားခဲ့ပါတယ်။ အဲဒါကို ကျွန်တော်တို့အားလုံး ဖတ်ရှုရပါတယ်။ ဒါကြောင့် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညိုသည် သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေပါတယ်။ ဘယ်လိုကြိုတင်ကာကွယ်ရမှာကို စီမံကိန်းတစ်ရပ်အနေနဲ့ ဆောင်ရွက်လို့ရှိရင် အထိအခိုက်နည်းနိုင်သမျှ နည်းတာကို ကျွန်တော်တို့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူကြောင့်ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူတို့ဖန်တီးသော မူးယစ်ဆေးဝါးအန္တရာယ်၊ အခြားအခြားသော အန္တရာယ်ထက်ပိုပြီးတော့ အလွန်ကြောက်စရာကောင်းတာကို ကျွန်တော်တို့ မြင်တွေ့ရပါတယ်။ လူသားတို့ရဲ့မျိုးဆက်တွေကို ဖျက်ဆီးပါတယ်။ ဒါမကသေးဘူး တိုင်းပြည်ကိုလည်း ဖျက်ဆီးနိုင်စေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားတစ်ရပ်လုံးရဲ့ အနီးကပ် အဓိကရန်သူ၊ လူသားတစ်ရပ်လုံးရဲ့ဘဝကို ဖျက်ဆီးမယ့်ရန်သူ၊ နိုင်ငံတော်ကိုပါ ဝါးမြိုမယ့်ရန်သူ၊ အဲဒီရန်သူဟာ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ မူးယစ်ဆေးဝါးရောင်းဝယ်၊ စိုက်ပျိုးထုတ်လုပ်ခြင်းကို အမျိုးသားစီမံကိန်းတစ်ရပ်အနေနဲ့ ပြည်သူ၊ အစိုးရအဖွဲ့အစည်းအားလုံး၊ ဌာနဆိုင်ရာအားလုံး ပါဝင်ပြီးတော့ ဆောင်ရွက်တိုက်ဖျက်မှသာလျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ကျွန်တော်တို့ အစိုးရအနေနဲ့သာ လုပ်ဆောင်သွားနိုင်မှာမဟုတ်ဘူး။ ဒါကို ပြည်သူတစ်ရပ်လုံးအနေနဲ့ ပါဝင်ဆောင်ရွက်ဖို့ရန် လိုအပ်ပါတယ်။ ထိုနည်းတူပဲ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ခုနက ရရှိတဲ့ သတင်းအရ ဒီနေရာမှာ ပြည်သူ့အဖွဲ့အစည်းတွေပါဝင်လုပ်ဆောင်သွားတဲ့နေရာမှာ တစ်ဖက်ကနေ ပြန်လည်ပစ်ခတ်တိုက်ခိုက်တဲ့အတွက်ကြောင့် ဒဏ်ရာအနာတရတွေ ဖြစ်နေတာကို ကျွန်တော်တို့ မြင်တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အမျိုးသားစီမံကိန်းတစ်ရပ်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းနှိုးဆော် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှ

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ခြေလှမ်းပြင်ကြိုးစားနေရတဲ့အချိန်မှာ ခြိမ်းခြောက်မှုခံနေရတဲ့အန္တရာယ်အမျိုးမျိုးနဲ့ကြုံတွေ့နေရပါတယ်။ အဲဒီထဲမှာ မူးယစ်ဆေးဝါးအန္တရာယ်ဟာ အင်မတန်မှ ကြီးမားပါတယ်။ သယံဇာတတွေထဲမှာ လူသားသယံဇာတဟာ တန်ဖိုးမဖြတ်နိုင်တဲ့သယံဇာတပဲ ဖြစ်ပါတယ်။ အဲဒီတန်ဖိုးရှိတဲ့လူသားများ အညွန့်တုံးပြုန်းတီးမှုကို ခြိမ်းခြောက်နေတဲ့အရာဟာ မူးယစ်ဆေးဝါးပဲဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်လူငယ်များအတွက် အလွန်အမင်းစိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ လူသားဖန်တီးတဲ့အန္တရာယ်ပါ။ လူဖန်တီးတဲ့အန္တရာယ်ကို လူသားတွေအားလုံး ဝိုင်းဝန်းကာကွယ်တားဆီးဖို့ လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ ပြည်သူလူထုပါဝင်မှုကို ကြိုဆိုရပါမယ်။ အမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်ရပါမယ်။ တစ်ကမ္ဘာလုံးမှာလည်း ဝိုင်းဝန်းတိုက်ဖျက်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဟာ တိုက်ဖျက်နေတဲ့ကြားက တိုးပွားနေတယ်လို့ ဆိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသများမှ ထုတ်လုပ်လိုက်သော စိတ်ကြွဆေးပြားများကို ရန်ကုန်လိုမြို့ကြီးများနှင့် အခြားမြို့နယ်များမှာ ပိုင်ရှင်မဲ့ဖမ်းဆီးရမိနေကြောင်း၊ ဆေးပြားပမာဏအလွန်များပြားကြောင်း သတင်းများမှာ တွေ့ရှိနေရပါတယ်။ ယခုဆိုရင် နယ်စပ်ဒေသများတွင်သာမက ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နှင့် ငဖဲမြို့နယ်အစပ် တောင်ဇောင်းများပေါ်တွင် စိုက်ပျိုးထားသော ဘိန်းခင်းဧက ငါးဧကကို မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ဝင်များက ဖျက်ဆီးခဲ့ရကြောင်း ၂၄-၂-၂၀၁၆ ရက်နေ့ထုတ် The Voice သတင်းစာမှာ ဖော်ပြပါရှိပါတယ်။ သို့ပါ၍ လူသားအားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်မှာ ကြောက်စရာကောင်းလောင်အောင် ကျယ်ပြန့်နေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူဖန်တီးတဲ့အန္တရာယ်ကို လူသားတွေ ဝိုင်းဝန်းတိုက်ဖျက်လျှင် အောင်မြင်နိုင်ပါတယ်။ အောင်မြင်အောင်လည်း ပြတ်ပြတ်သားသား ထိထိရောက်ရောက် တိုက်ဖျက်ဖို့လိုပါတယ်။ လူထုပါဝင်လျှင် မအောင်မြင်နိုင်တာမရှိပါ။ ဒါကြောင့်

အစိုးရနှင့် ပြည်သူအတူတကွလက်တွဲ၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ပူးပေါင်းတိုက်ဖျက်ကြပါစို့လို့ ညာသံပေးလှုံ့ဆော်ရင်း ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အရေးကြီးအဆိုကို လေးလေးနက်နက် ဆွေးနွေးထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ အစဉ်ထာဝရ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီလွှတ်တော်ကိုမတက်ရောက်ခင် ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေမှာအတွေ့အကြုံတစ်ခုကို ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဖောင်းပြင်မြို့နယ် မြင်းယားကျေးရွာကနေပြီးမှ သံဃာတော်ကိုးပါး ဦးဆောင်ပြီး လူပုဂ္ဂိုလ် ၄၈ ဦးပါဝင်တဲ့ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး လူထုအခြေပြုအဖွဲ့အစည်းကိုဖွဲ့စည်းဖို့ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်ကို ဖိတ်ကြားတဲ့အတွက် ကျွန်တော်သွားရောက်ခဲ့ပါတယ်။ မြင်းယားကျေးရွာအုပ်စုမှာ စတင်ဖွဲ့စည်းပြီး မည်သည့်ကျေးရွာအုပ်စုကိုမဆို အကူအညီပေးသွားမယ့်အကြောင်း ပြောပြပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့လည်း သွားရောက်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူထုအခြေပြုအဖွဲ့အစည်းဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံကိုပေးအပ်ပြီး အကြောင်းကြားပါတယ်။ ရဲတပ်ဖွဲ့မှ စခန်းမှူးနဲ့ နယ်ထိန်းခေါင်းဆောင်တို့ကို ဘုန်းကြီးကျောင်းသို့ ဖိတ်ခေါ်ပြီး တစ်နာရီခွဲကြာ အကျေအလည်ဆွေးနွေးပါတယ်။ တိတိကျကျသတင်းပေးတဲ့အခါ သတင်းမပေါက်ကြားစေဘဲ အချိန်မီလာရောက်ပြီး မိမိရရဖမ်းဆီးပြီးမှ တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးဖို့ သံဃာတော်တွေကနေပြီး ပြောပြပါတယ်။ ရဲတပ်ဖွဲ့ကလည်းပဲ ကတိတွေ အတန်တန်ပေးပါတယ်။ ခုခံကာကွယ်မှုနဲ့ပတ်သက်လို့လည်း အကျေအလည်ဆွေးနွေးခဲ့ကြရပါတယ်။ အဲဒီအဖွဲ့အစည်းဟာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် နေ့မှာ စတင်ဖွဲ့စည်းခဲ့တာလို့ဆိုပေမယ့် တစ်လမပြည့်ခင် ဇန်နဝါရီလ ၂၆ ရက်နေ့မှာ မူးယစ်ဆေး(ဘိန်းဖြူ)ရောင်းချသူတစ်ဦးကို ဖမ်းဆီးနိုင

ခဲ့ပါတယ်။ နောက် ၂၇ ရက်နေ့မှာ အခြားကျေးရွာမှ လာရောက်တဲ့ ဘိန်းဖြူကုန်သည်နှစ်ဦးကိုလည်း လက်နက်နဲ့ခုခံတဲ့ကြားကနေပြီးမှ အထိအခိုက်မရှိပဲ လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ နောက်ထပ်လေးဦးကို ဆက်လက်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးပညာပေး ဟောပြောပွဲများကိုလည်း ဇန်နဝါရီလ ၃၁ ရက်နေ့ကနေပြီးတော့မှ စတင်ပြုလုပ်ခဲ့ကြတယ်လို့ သတင်းရရှိခဲ့ပါတယ်။ ကျွန်တော်ဆိုလိုတာကတော့ ဒီလူထုအခြေပြုအဖွဲ့အစည်းကို ဖွဲ့စည်းလိုက်တာဟာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးမှာ ထိရောက်မြန်ဆန်တဲ့သဘောကို ကိုယ်တွေ့သိမြင်လာခဲ့ရခြင်းဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီးမှ နှိမ်နင်းခဲ့ပေမယ့် ကျွန်တော်တို့နိုင်ငံဟာ ဒီကမ္ဘာပေါ်မှာ ကောင်းသတင်းနဲ့မကျော်စောပဲ မကောင်းသတင်းနဲ့ကျော်စောနေတဲ့ ကမ္ဘာ့အဆင့်(၂)ကနေမကျဆင်းသေးပါဘူး။ မူးယစ်ဆေးဝါးဟာ မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ဆိုးကြီးဖြစ်ပြီး လူသားမျိုးနွယ်တစ်ခုလုံးကိုပါ အညွန့်တုံးသွားစေတဲ့ အန္တရာယ်ဆိုးကြီးလည်း ဖြစ်ပါတယ်။ ဒီအန္တရာယ်ဆိုးကြီး ပျောက်ကွယ်သွားဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အသိတရားရှိရှိ ပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ တကယ်တော့ လူထုကသတင်းပေးပြီး ရရှိတဲ့သတင်းအရ သက်ဆိုင်ရာအာဏာပိုင်များက ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လူထုအဖို့ အင်မတန်အန္တရာယ်များတဲ့ကိစ္စဖြစ်ပါတယ်။ အင်မတန်အန္တရာယ်များတဲ့ကြားထဲကနေပြီးမှ လူထုဘာကြောင့် တက်ကြွစွာပါဝင်နေသလဲဆိုလို့ရှိရင် မိမိရဲ့မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိရဲ့ရပ်ကွက်၊ ကျေးရွာအတွင်းမှာ နိစ္စဒူဝတွေ့ကြုံခံစားနေကြရတဲ့ လူမှုဒုက္ခကို မခံစားနိုင်ကြတော့တဲ့အပြင် ရပ်ရွာအေးချမ်းသာယာရေးကိုပါ အကြီးအကျယ်ထိခိုက်လာကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အသုံးစရိတ်များဆိုပြီး ကျခံသုံးစွဲပေမယ့် မူးယစ်ဆေးဝါးကြောင့် ရပ်ရွာအေးချမ်းသာယာရေးကို အကြီးအကျယ်ထိခိုက်လာတာကို တွေ့မြင်နေကြရပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မြန်မာနိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့ကြပေမယ့် ယနေ့အထိ မအောင်မြင်သေးတာကို သုံးသပ်ကြည့်မယ်ဆိုရင် အခြားခြားသောကဏ္ဍာများနဲ့လည်း ဆက်နွယ်နေတာကိုလည်း တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများရှိနေပြီး ပြည်တွင်းငြိမ်းချမ်းရေးမရရှိသေးခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ အဂတိလိုက်စားမှုရှိခြင်း၊ လူငယ်တို့၏အနာဂတ်ဘဝ မရေရာမှု၊ အလုပ်အကိုင်ရှားပါးမှု၊ တောင်ပေါ်တိုင်းရင်းသားတို့၏ ဘဝရပ်တည်မှုမူကြမ်း

အခက်အခဲစတဲ့ အကြောင်းတရားတွေနဲ့လည်း ဆက်စပ်နေတာကို ထည့်သွင်းတွက်ချက်ကြရမှာ ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ ဤကဏ္ဍကို အစိုးရအဖွဲ့မှ တစ်ဖက်ကဖြေရှင်းရင်း တစ်ပြိုင်နက်တည်းမှာ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးကို အစိုးရ၊ တပ်မတော်၊ ပြည်ထဲရေးနှင့် လူထုပူပေါင်းဆောင်ရွက်သွားလျှင် မူးယစ်ဆေးဝါးဟာ မြန်မာ့မြေပေါ်က ပျောက်ကွယ်သွားနိုင်မှာ ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းကတော့ ဘိန်းခင်းများကို ဖျက်ဆီးဖို့ ကချင်ပြည်နယ် လူထုအခြေပြုအဖွဲ့ဖြစ်တဲ့ Pat Jasan ခရစ်ယာန်အဖွဲ့ကို အစိုးရနှင့် တပ်မတော်တို့က ကူညီပြီး လုံခြုံရေးယူပေးခြင်း၊ စောင့်ရှောက်ပေးခြင်းတို့ဟာ အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ ပူပေါင်းဆောင်ရွက်ခဲ့ကြတဲ့သတင်းကို ကြားသိရတဲ့အတွက်လည်းပဲ အတိုင်းမသိဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဗဟိုအစိုးရ၊ ဒေသဆိုင်ရာအစိုးရများ၊ တပ်မတော်၊ ပြည်ထဲရေးဌာနများ၊ တရားရေးဌာနများနှင့် ပြည်သူလူထုတို့ ပူပေါင်းဆောင်ရွက်ကြမယ်လို့ဆိုရင် မြန်မာပြည်သူလူထု တစ်ရပ်လုံးသာမက ကမ္ဘာပြည်သူများကပါ မင်္ဂလာယူကြရမှာ ဖြစ်ပါတယ်။ အချုပ်အားဖြင့်တော့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ပြည်သူလူထုပူးပေါင်းပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ထိရောက်သော ပံ့ပိုးကူညီမှုများကို အမြန်ဆုံးပေးဆောင်နိုင်ရန်အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ၂၄-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့ အရေးကြီးအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနဲ့ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်း ဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းကိစ္စရပ်များအား အဆိုအဖြစ်

တင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုနိုင်ခဲ့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မေးခွန်းများကို ဖြေကြားဆောင်ရွက်ခြင်းနဲ့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော်လည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်တဲ့ဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများ တိုးတက်ထိရောက်အောင်မြင်မှုကို မတွေ့ရှိရပါတယ်။ ဘိန်းစိုက်ပျိုးမှုနောက်ကွယ်မှာ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အခြားအကြောင်းအရာများ ဆက်စပ်ဆက်နွှယ်နေတာရှိပါတယ်။ အလွှာပေါင်းစုံလူအင်အား ၄၀၀၀ ကျော်ပါဝင်တဲ့ လူထုအခြေပြု ဘိန်းတိုက်ဖျက်ရေးအဖွဲ့မှ ဘိန်းခင်းများကို သွားရောက်ဖျက်ဆီးရာမှာ လက်နက်ကိုင်အဖွဲ့အစည်းများမှ တားဆီးဟန့်တားခြင်း၊ ကားများဖျက်ဆီး၍ ရန်လိုခြင်းလုပ်ဆောင်ခဲ့ရာ အမျိုးသားသုံးဦးဒဏ်ရာရရှိခဲ့မှုအပေါ် ကချင်ပြည်နယ်အစိုးရအား ကူညီတင်ပြတောင်းခံရန် ကချင်ပြည်နယ်အစိုးရနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လုံခြုံရေးကိစ္စများဆောင်ရွက်မပေးနိုင်ကြောင်း သိရှိရတဲ့အတွက် ဘိန်းစိုက်ပျိုးသူဘက်မှ ကိုယ်စားလှယ်များစေလွှတ်၍ လူထုအခြေပြုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့မှ လာဖျက်မည်ဆိုပါက လက်မခံနိုင်ကြောင်း အစိုးရအစီအစဉ်ဖြင့် ဘိန်းခင်းများအား ဖျက်ဆီးမည်ဆိုပါက လက်ခံနိုင်မည်ဖြစ်ကြောင်း ဘိန်းစိုက်ပျိုးသူဘက်မှ ပြောဆိုမှုများမှာ ၎င်းတို့နှင့်အစိုးရကြား နားလည်မှုများရရှိထားသည်ဟု သံသယဖြစ်စရာအခြေအနေကို ဖြစ်ပေါ်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ဤအန္တရာယ်မှာ မည်မျှစိုးရိမ်ကြောင့်ကြဖွယ်ကောင်းကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးနဲ့ စိတ်ကိုပြောင်းလဲစေတတ်တဲ့ဆေးဝါးများ နိုင်ငံတော်မှ တိုက်ဖျက်နေပြီ ဆိုပါသော်လည်း မူးယစ်ဆေးဝါးများတိုးတက်ထွက်ရှိသုံးစွဲနေသည်မှာ အံ့သြဖွယ်ရာတွေ့မြင်နေရခြင်းကို စိတ်မကောင်းဖြစ်မိပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ စစ်တမ်းများအရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အာဖဂန်နစ္စတန်ပြီးရင် ဒုတိယဘိန်းအစိုက်ပျိုးဆုံးနိုင်ငံ ဖြစ်ပါတယ်။ ကမ္ဘာ့ဘိန်းထွက်ရှိမှုရဲ့ ၂၅ ရာခိုင်နှုန်းကိုလည်း မြန်မာနိုင်ငံက ထုတ်လုပ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးမှုဟာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော် တိုးတက်ပြီးတော့ ဟက်တာ ၅၀၀၀၀ ကျော်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဿနာရဲ့ အရင်းအမြစ်ကို မဖြေရှင်းနိုင်ပါက မူးယစ်ဆေးဝါးပြဿနာများမှာ ဂျာအေးသူ့အမေရိုက်သလို အဆိုးသံသရာလည်နေပါလိမ့်မယ်။ နောက်ဆုံးအနေနဲ့ အကြံပြုမူကြမ်း

ဆွေးနွေးလိုသည်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး ရေရှည်စီမံချက်များဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုပပျောက်စေရေးအတွက် အချက်သုံးချက်ကို အကြံပြုတင်ပြလိုပါတယ်။ (၁) လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်သူများကို ကာကွယ်ပေးရန်နှင့် ဥပဒေနှင့်ညီညွတ်အောင်ဆောင်ရွက်ပေးပါရန်၊ (၂) ဘိန်းစိုက်တောင်သူများ၏စားဝတ်နေရေးနှင့် ဘဝရေရှည်ရပ်တည်ရေးအတွက် ဖြေရှင်းပေးပါရန်၊ (၃) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်၍ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် ကြိုးပမ်းသင့်တာကြောင်းအကြံပြုတင်ပြရင်းနဲ့ ဝိုင်းမော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး တင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်(ဘောလခဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၏ ၂၄-၂-၂၀၁၆ ရက်နေ့တွင် တင်သွင်းသွားသည့် အရေးကြီးအဆိုကို ကျွန်တော် ကယားပြည်နယ်၊ ဘောလခဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က ဖြည့်စွက်ဆွေးနွေး ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်သည် ယနေ့ တစ်ကမ္ဘာလုံးရှိလူသားများအားလုံး ရင်ဆိုင်ကြုံတွေ့နေရသော သိမ်မွေ့နက်နဲသည့်ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအား အန္တရာယ်ပြုဖျက်ဆီးနိုင်မှုတွင် အစွမ်းထက်သကဲ့သို့ တွန်းလှန်ဖယ်ရှားဖို့ရန်အတွက်လည်း နက်နဲခက်ခဲလှပါတယ်။ မူးယစ်ဆေးဝါးသည် တဖြည်းဖြည်း၊ တငွေ့ငွေ့လှိုက်စားလောင်ကျွမ်း၍ လူသားထုတစ်ရပ်လုံးအား ပျက်စီးခြင်းအစ နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာကိုပါ ထိပါးလာသည်အထိ ဒုက္ခပေးနိုင်သောကြောင့် လျော့နည်းပပျောက်သွားအောင် ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသည် သုံးစွဲမိပါက လူသားများ၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကို ချို့ယွင်းပျက်စီးစေပြီး လူသားအရင်းအမြစ်ကိုပါ ဖျက်ဆီးစေနိုင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးရောက်ရှိလာခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ရိုးသားမှုကို အခွင့်ကောင်းယူပြီး နယ်ချဲ့တို့သည် ဘိန်းကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုခဲ့ခြင်းကြောင့် ဘိန်းစိုက်ပျိုးခြင်းအလေ့အထသည် မြန်မာ

နိုင်ငံတွင် စတင်အမြစ်တွယ်ခဲ့ပါတယ်။ ဘိန်း၏ကြီးမားသောအန္တရာယ်ကို မြန်မာတိုင်းရင်းသားများ သိမြင်လာသည့်အချိန်တွင် ဘိန်းပပျောက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြသည့်တချိန်တည်းမှာပင် ဓာတုဗေဒပစ္စည်းများဖြင့်ထုတ်လုပ်ထားသော စိတ်ကြွဆေးဝါးများအန္တရာယ်သည် ထပ်မံ၍ဝင်ရောက်လာခဲ့ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံ၏လုံခြုံရေးနှင့်ဆက်စပ်နေသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စီမံကိန်းချကာ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏အဆိုကို လေ့လာကြည့်ရာမှာ အပိုင်းနှစ်ပိုင်းတင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ပထမပိုင်းအနေနဲ့ကတော့ လူထုအဖွဲ့အစည်းပူးပေါင်းပါဝင်လာမှုကို ဟန့်တားနှောင့်ယှက်သည့်ဆောင်ရွက်မှုမျိုးမှ ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ပြီး ဒုတိယပိုင်းအနေနဲ့ကတော့ ပြည်သူလူထုအဖွဲ့အစည်း ပူးပေါင်းပါဝင်လာမှုကို ကြိုဆိုထောက်ခံပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန်ဆိုပြီး နှစ်ပိုင်းတွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့တင်ပြချက် ပထမပိုင်းကို လေ့လာကြည့်ရာမှာ ပြည်သူလူထုအဖွဲ့အစည်း ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်မှုကို ကြိုဆိုပါတယ်။ ထောက်ခံပါတယ်။ သို့သော် အဲဒီပါဝင်မှုမှာ အရောင်အသွေးစုံမဟုတ်ဘဲ အပြုသဘောနဲ့စိတ်ရင်းစေတနာအမှန်နှင့် ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ ပိုမိုကြိုဆိုကြရမှာဖြစ်ပါတယ်။ အရောင်အသွေးစုံဆိုတာ တစ်ဖက်အဖွဲ့အစည်းနှင့်တစ်ဖက်အဖွဲ့အစည်း ပါဝင်ပတ်သက်မှုကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးမှသည် နိုင်ငံတော်၏ငြိမ်းချမ်းရေးဖြစ်စဉ်အထိ အကျိုးသက်ရောက်မှုရှိလာနိုင်သည့်အတွက် ပို၍သတိထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ၁၃-၂-၂၀၁၆ ရက်နေ့မှာ ကချင်ပြည်နယ်ရှိ ဘိန်းစိုက်ခင်းများကိုဖျက်ဆီးရန် အမျိုးသမီးထုအင်အား ၂၀၀၀ ကျော်အပါအဝင် မနေ့က ၂၄-၂-၂၀၁၆ ရက်နေ့မှာ ဘိန်းခင်းရှိရာသို့ သွားရောက်ကြရတော့မည်လို့ တင်ပြထားရှိသည်ကို တွေ့ရှိရပါတယ်။ အဖွဲ့အစည်းတစ်ခုမှ အထောက်အပံ့တချို့ပေးကာ ခေါ်ယူလှုပ်ရှားစေခဲ့တယ်ဆိုတဲ့ ပြင်ပသတင်းများဖြင့်လည်း ကြားသိနေရပါတယ်။ အဲဒီအဖွဲ့အစည်းကို နောက်ကွယ်မှပံ့ပိုးပေးတဲ့အဖွဲ့အစည်းက ဘယ်သူဘယ်ဝါရှိတယ်ဆိုတာကိုလည်း တင်ပြပေးရမှာဖြစ်ပါတယ်။ သို့မဟုတ်ပါက လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုသည် မမျှော်မှန်းနိုင်တဲ့အန္တရာယ်ပေါင်းများစွာ ပေါ်ပေါက်လာသည်ကို သတိပြုထည့်တွက်စဉ်းစားကြရမှာဖြစ်ပါတယ်။ အထက်က ဆွေးနွေးထောက်ခံတဲ့ ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ ၎င်းတို့အဖွဲ့ကို ဗုံးခွဲတိုက်ခိုက်ခံရပြီး ဒဏ်ရာများရရှိကြောင်း စိတ်မကောင်း

စွာသတင်းကြားသိရတဲ့အတွက် စဉ်းစားစီစဉ်ဆောင်ရွက်သင့်ကြောင်း ထောက်ခံတင်ပြ ဆွေးနွေးသင့်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက် ဒုတိယအပိုင်းကိုတော့ လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း တင်ပြလိုပါတယ်။ အဘယ့်ကြောင့်ဆိုသော် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေတောင်မှ တတ်နိုင်တဲ့ဖက်ကပံ့ပိုးကူညီပေးနေတာကို အစိုးရအဖွဲ့အစည်းတစ်ရပ်အနေနဲ့ အပြည့်အဝကူညီပေးသင့်ပါတယ်။ ကူညီတယ်ဆိုတဲ့နေရာမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသက်ရှင်သန်ရပ်တည်သည့် တိုင်းရင်းသားပြည်သူများ အပါအဝင်ဖြစ်ပါတယ်။ သွားရောက်ဖျက်ဆီးမည့် ပြည်သူလူထုအဖွဲ့အစည်းတစ်စုတည်းကိုမဟုတ်ပါ။ ပါဝင်ပတ်သက်သည့်လူထုအားလုံး၊ အဖွဲ့အစည်းအားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ လူထုတစ်ရပ်လုံးကို ဒုက္ခပေးသည့် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်စေဖို့ရန်အတွက် အဆိုရှင်တင်ပြသွားသလို အစိုးရတစ်ခုတည်းနဲ့လုပ်လို့မရပါဘူး။ အခြားသောအဖွဲ့အစည်းတွေနဲ့လည်း လုပ်လို့မရပါဘူး။ အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းအားလုံး တက်ညီလက်ညီနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် လျော့နည်းပပျောက်မည်ဖြစ်ကြောင်း ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၏အရေးကြီးအဆိုကိုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟဖြစ်ပါတယ်။ ကျွန်တော့်၏ဆွေးနွေးချက်များအား Power Point သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် နယ်ချဲ့ကိုလိုနီများ၏အစပျိုးမှုဖြင့် အခြေတည်ခဲ့သော မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းစိုက်ပျိုးမှုသည် ဘာသာရေး၊ လူမှုရေးအရ ဆိုးကျိုးကိုပေးသည့်အတွက် ဥပဒေများထုတ်ပြန်၍ တားမြစ်ဖမ်းဆီးအရေးယူခြင်းတို့ဆောင်ရွက်ခဲ့သော်လည်း ယနေ့အချိန်ထိ ဘိန်းစိုက်ပျိုးမှုများ တွေ့ရှိနေရဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုအလှမ်းဝေးသည့်နေရာများ၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်နေရာများ၊ ဖွံ့ဖြိုးမှု

နောက်ကျသည့်ဒေသများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက်နည်းသည့် တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းများကိုစိုက်ပျိုးကြပါတယ်။ ထိုသို့ဘိန်းစိုက်ပျိုးမှုများကို ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သည့် အစိုးရများမှ မူဝါဒချမှတ်၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးစီမံချက် များဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုပပျောက် ရေး(၁၅)နှစ်စီမံကိန်းချမှတ်၍ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ စတုတ္ထငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်ဆောင်ရွက်ဆဲလည်းဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံစသည့်အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့သည် မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေသလို ကမ္ဘာ့ကုလသမဂ္ဂနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း၊ လူထု အဖွဲ့အစည်းများနှင့်လည်းကောင်း ချမှတ်ထားသည့်စီမံချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမူးယစ်ဗဟိုအဖွဲ့ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းစီမံချက်အရ ဇုန်သုံးဇုန်ခွဲထားပြီး လုပ်ငန်းအဖွဲ့များအလိုက် ခွဲဝေဆောင်ရွက်လျက်ရှိပါသည်။ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများဆောင်ရွက်ပေး လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် UNODC ၏ ဘိန်းစိုက်ပျိုးမှုအစီရင်ခံစာအရ မြန်မာ နိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ဧရိယာ ၅၇၆၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၅၅၀၀၀ ဟက်တာအထိ ကျဆင်းခဲ့ပြီး ကျဆင်းမှုမှာ ၄ ရာခိုင်နှုန်းအထိရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ ၂၀၁၅ ခုနှစ်လွန်ကာလများအတွင်း လူမျိုးရေးကိုဦးစားပေးချဉ်းကပ်မှုပုံစံများ ပြောင်းလဲကျင့်သုံးလာခဲ့ကြောင်း ဖော်ပြပါရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ယင်းဒေသများရှိပြည်သူလူထုအနေနဲ့ ဆင်းရဲမှုပြဿနာများ၊ အာဟာရချို့တဲ့မှု၊ စားနပ်ရိက္ခာလိုအပ်မှု၊ ပညာရေး၊ ကျန်းမာရေးချို့တဲ့မှု၊ မူးယစ်ဆေးစွဲမှု၊ အစားထိုးသီးနှံစိုက်ပျိုးရန် သွင်းအားစုများ မလုံလောက်မှု၊ အစားထိုးသီးနှံများအတွက် ဈေးကွက်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်းအစရှိသည့် ပြဿနာများပေါ်ပေါက်နိုင်၍ ယင်းပြဿနာ

မူကြမ်း

များကို လျော့ပါးစေရန်အတွက် ကူညီဆောင်ရွက်ပေးရန် လုပ်ငန်းစဉ်များရှိနေရမှာလည်းဖြစ်ပါတယ်။ ဘိန်းစိုက်တောင်သူများသည် စားဝတ်နေရေးအတွက်ကြောင့်သာ ဘိန်းစိုက်ပျိုးနေရခြင်းဖြစ်သဖြင့် ဘိန်းအစားထိုးသီးနှံများနှင့်ပတ်သက်၍ လိုအပ်သည့်ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဘိန်းစိုက်တောင်သူများအား လုံလောက်သည့် ထောက်ပံ့မှုများပေးခြင်းအပြင် လူနေမှုဘဝမြင့်တင်ရေးအတွက် ပြည်နယ်အစိုးရ၊ ပြည်ထောင်စု အစိုးရတို့မှ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ ဘိန်းခင်းများ ဖျက်ဆီးမှုသာရှိပြီး လုံလောက်သောထောက်ပံ့မှုများ မရှိပါက ဘိန်းစိုက်တောင်သူများသည် ယခုဖျက်ဆီးခံရသော်လည်း နောင်ကာလများတွင် ပြန်လည်စိုက်ပျိုးနေမည်ဖြစ်သဖြင့် သားစဉ်မြေးဆက် ဘိန်းစိုက်ပျိုးမှုသံသရာလည်ပတ်နေမှာလည်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရန်နှင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ကင်းစင်ဒေသ အခြေတည်တံ့စေရန် ယင်းဒေသများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခမဖြစ်ပွားစေရေး ကူညီထောက်ပံ့ဆောင်ရွက်ပေးရန်လိုအပ်မှာဖြစ်ပါတယ်။ စီမံကိန်းများဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုလျှော့ချရေး၊ ပပျောက်ရေးနှင့်အတူ တစ်ဖက်မှာလည်း ယင်းဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဈေးကွက်ကို ထိန်းချုပ်ခြင်း၊ စည်းရုံးဆွေးနွေးဟောပြောခြင်း၊ ဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ ပြည်သူလူထုအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအတွင်း တက်ကြွစွာပါဝင်လာသည်မှာ ကြိုဆိုရမှာဖြစ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် UNODC တို့မှ ချမှတ်သည့်မူဘောင်များ၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်ဆဲဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်ပါက လုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်လာမှာလည်း ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးသည့်ဒေသအတွင်း တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝများ တိုးတက်လာကာ ဘိန်းကင်းစင်နယ်မြေများ အရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးရင်းနှင့် ဦးလဂန်ဇယ်ဂျူး၊ ဝိုင်းမော်မဲဆန္ဒနယ်က တင်သွင်းထားသည့် အရေးကြီးအဆိုအား အပြုသဘောဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ဒီအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ရန်လည်း ကျွန်တော်တို့စီစဉ်ခဲ့ပါတယ်။ လာရောက်တဲ့အခါမှာလည်း နေရာချထားနိုင်အောင်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ယနေ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လာရောက်ခြင်းမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ အစီအစဉ်ကိုဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ သဘောထားကိုပြောပါ။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ ပါဝင်ထောက်ခံဆွေးနွေးသွားကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သို့သော် ယနေ့ ဒီအချိန် ၉း၃၀၊ ၁၂း၁၅၊ ၁၂း၄၀ သတင်းအရ ဘိန်းခင်းတိုက်ဖျက်ရေး လက်နက်မဲ့လူထုအဖွဲ့အစည်းကို ဒေသခံအဖွဲ့အစည်းများမှ လက်နက်ဖြင့်ပစ်ခတ်ခြင်း၊ လက်နက်မျိုးစုံဖြင့် ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသူများရှိကြောင်းကို ဖုန်းသတင်းအရကြားသိရှိရပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့ ဤတာဝန်ကို လွှတ်တော်၏အဆုံးအဖြတ်ကိုသာ လက်ခံရရှိမည်ဖြစ်ပါကြောင်း အဆိုတင်သွင်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလဂန်ဇယ်ဂျုံး တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၂၃ ဦးက ဆွေးနွေးပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများကတော့ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းမရှိပါဘူး။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ အခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၉၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂ မဲ နှင့် ကြားနေဆန္ဒမဲ ၁၀ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေများတဲ့အတွက် ဦးလဂန်ဇယ်ဂျုံးတင်သွင်းတဲ့အဆိုကိုလွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**မှုကြမ်း**

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီမှုများ မပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က ဥက္ကဋ္ဌထံ ရေးသားလက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီမှုများ မပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ အရေးကြီးအဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။

မူကြမ်း

ကျွန်မအနေနဲ့ ဒီအရေးကြီးအဆိုတစ်ရပ်ကို ပြည်သူ့လွှတ်တော်မှာ တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုဟာ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား အလျင်စလို ငှားရမ်းလွှဲပြောင်းရောင်းချမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အစမွဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ပြုလုပ်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲရလဒ်အရ ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီကိုဖွဲ့စည်း၍ ဆောင်ရွက်နေခြင်းကို ကြိုဆိုကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့သမိုင်းမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း မရှိခဲ့ဘူးတဲ့ အရေးကြီးဆုံးလုပ်ငန်းတစ်ရပ်ကို သမိုင်းဝင်စတင်ခြင်းပဲဖြစ်ပါတယ်။ ရွေးကောက်ခံအစိုးရအား တာဝန်လွှဲပြောင်းခြင်းသည် အခြားနိုင်ငံများတွင် လူပေါင်းများစွာပါဝင်ပြီး လအချို့ချီ၍ပြုလုပ်ရသော လုပ်ငန်းဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့ ရွေးကောက်ပွဲပြီးစီးပြီး အစိုးရသစ်စတင်တာဝန်ယူရန် တစ်လကျော်ခန့်သာ လိုတော့သော ယနေ့အချိန်မျိုးမှာ နိုင်ငံတော်အစိုးရက ထမ်းဆောင်နေတဲ့ အဓိကတာဝန်ကြီးဖြစ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ချောမွေ့စွာဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အစိုးရတာဝန်လွှဲပြောင်းခြင်းဟာ အထူးဦးစားပေးလုပ်ငန်းပဲ ဖြစ်သင့်ပါတယ်။ သို့သော်လည်း အစိုးရဝန်ကြီးဌာနအချို့/တိုင်းဒေသကြီးအစိုးရအချို့တို့က လိုအပ်သော အစီအမံများ၊ ကြိုတင်ဆောင်ရွက်မှုများ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ တာဝန်မလွှဲပြောင်းမီ အလျင်စလိုလုပ်ဆောင်နေမှုများကို တွေ့ရှိနေရပါတယ်။

၎င်းသို့သောကိစ္စများကို မီဒီယာများနှင့် ပြည်သူလူထုကပါ ထောက်ပြဝေဖန်စရာရှိပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးနောက်ပိုင်းမှာ ပိုမိုအလျင်စလိုလုပ်ဆောင်လာတဲ့ လုပ်ငန်းများအနက် ဥပမာတချို့ကို တင်ပြလိုပါတယ်။ တိုးချဲ့ရန် ပြင်ဆင်စီစဉ်လျက်ရှိတဲ့ ရန်ကုန်ဆေးရုံကြီးအနီး နိုင်ငံပိုင်အချက်အချာမြေနေရာ ၄.၃ ဧကကို ပြည်တွင်းလုပ်ငန်းရှင်အချို့နဲ့ ဖက်စပ်လုပ်ဆောင်တဲ့ စင်ကာပူဆေးရုံတစ်ခုအား အသုံးပြုခွင့်ပေးခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာနရဲ့ စက်ရုံအချို့အား လွှန်ခဲ့သော ခြောက်လ

အတွင်း လွှဲပြောင်းတဲ့နေရာမှာ ယခင်ကကဲ့သို့ အလုပ်သမားများရဲ့အခွင့်အရေးအပေါ် အလေးမထားတော့ခြင်း ဥပမာ- ဒညင်းကုန်းအုတ်စက်ရုံက အလုပ်သမားများအား နှင်ထုတ်နေမှု၊ ရပ်ဆိုင်းခဲ့ရတဲ့ Dagon City စီမံကိန်းဝင် ကုမ္ပဏီများကို ရန်ကုန်မြို့တော်ရဲ့ နိုင်ငံပိုင်တန်ဖိုးကြီးမြေနေရာကောင်းများအား Marga Landmark ကုမ္ပဏီအား ကမ္ဘာ့အေးဘုရားလမ်းပေါ်မှာရှိတဲ့ မြေဧရိယာ ၁၇.၇၂ ဧက ကျယ်ဝန်းတဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပိုင် မြေကွက်ကို အစားထိုးပေးခဲ့ခြင်း နိုင်ငံတော်ရဲ့ မူဝါဒနှင့်မကိုက်ညီတဲ့ ကမ်းလှမ်းချက်များ အများပြည်သူပါဝင် အကြံပြုရေးလုပ်ငန်းစဉ် မဖြစ်မနေ ကြိုတင်လုပ်ဆောင်ရမယ့် လှိုင်းနှုန်းအစီအစဉ် (Spectrum Roadmap) စသည့်များမပြီးစီးသေးဘဲ နိုင်ငံပိုင်ရှားပါးသယံဇာတ Spectrum ဖြစ်တဲ့ ကြိမ်နှုန်း ၂၆၀၀ MHz Frequency bands ကို မတ်လမကုန်မီ လေလံတင်ရောင်းချရန် ပြင်ဆင်နေခြင်း၊ အငြင်းပွားဖွယ်ရာကြီးမားနေသော ရှမ်းပြည်နယ်နှင့် သံလွင်မြစ်ကြောင်းတစ်လျှောက် ရေကာတာပေါင်း ၁၈ ခုကို သဘောတူလက်မှတ်ရေးထိုးခဲ့တယ်ဆိုတဲ့ သတင်းဖြစ်ပေါ်နေခြင်း၊ လျှပ်စစ်ဝန်ကြီးဌာနက စီမံကိန်းအချို့အား အရေးတကြီးလက်မှတ်ရေးထိုး သဘောတူညီနေခြင်း ဥပမာ- အထက်ကျိုင်းတောင်းစီမံကိန်းမှာ လုပ်ငန်းအချို့ကို တင်ဒါမခေါ်ဘဲပေးအပ်နေတဲ့ကိစ္စပဲဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနရဲ့ ကျန်ရှိနေတဲ့ လောင်စာဆီဆိုင် ၇၀ ခန့်နှင့် အခြားလုပ်ငန်းများကို လွှဲပြောင်းပေးနေခြင်း၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ရေဝေရေလဲဒေသသဘာဝသစ်တောကြားခံဇုန် (Buffer Zone) မြေဧရိယာ ၂၇၂.၁၅ ဧကကို စက်မှုဇုန်မြေဂရန်ချထားပေးရန် ပြင်ဆင်နေခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက်ပင်မစီမံကိန်း ဥပမာ- ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက အဆိုပြုထားတဲ့ ရန်ကုန်မြို့ဖွံ့ဖြိုးရေး ပင်မစီမံကိန်းများကို အများပြည်သူနဲ့လွှတ်တော်များသို့ ကျယ်ပြန့်ရှင်းလင်းမြင်သာစွာတင်ပြအကြံပြုချက်များ ရယူအတည်ပြုခြင်းမရှိဘဲ ရန်ကုန်မြို့သစ်စီမံကိန်းကဲ့သို့ လုပ်ငန်းများကို အဆောတလျင်ချထားလုပ်ဆောင်နေခြင်း၊ နိုင်ငံအနှံ့ကျူးကျော်များကို စာနာထောက်ထားစွာ စနစ်တကျစိစစ်စီစဉ် ပြင်ဆင်ဆောင်ရွက်ပေးမှုတွေမရှိဘဲ မြေနေရာရရှိရေးအတွက် အတင်းအဓမ္မဖယ်ရှားနေခြင်း၊ စုံစမ်းရေးကော်မရှင်ရဲ့အစီရင်ခံစာအပေါ်မှာ မှန်ကန်စွာလိုက်နာကျင့်သုံးခြင်းမရှိဘဲ ဒေသခံပြည်သူတွေနဲ့ ပြဿနာများစွာဖြစ်ပေါ်လျက်ရှိနေတဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဟာ လာမယ့် မေလမှာ သတ္တုရိုင်းများစတင်ထုတ်ဖော်ရန်အတွက် စီစဉ်နေခြင်း စသည်တို့ဖြစ်ပါတယ်။ အခြားကိစ္စရပ်များစွာလည်းရှိနေပါသေးတယ်။ ဒါတွေကိုလည်း ကျွန်မတို့ ကြားသိမှတ်တမ်းတင်ထားပါတယ်။ အခု ရက်သတ္တပတ်အတွင်းမှာလည်း လျှပ်စစ်ဓာတ်အားစွမ်းအား မဂ္ဂါဝပ် ၅၀၀ ကျော်

မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုအတွက် စာချုပ်ချုပ်ဆိုပွဲကျင်းပခဲ့ကြောင်း သိရပါတယ်။ ဒီအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ စီမံခန့်ခွဲမှုအစီအစဉ် (EIA, SIA) စသည်များကို လုံးဝ မကြားသိရဘဲ အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့တယ်ဆိုတာဟာ လွန်စွာအံ့ဩဖွယ်ကောင်းတဲ့ အချက်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့အချိန်ကာလဟာ ၂၀၁၀ ခုနှစ်ရဲ့ ရွေးကောက်ခံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရဟာ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ကြိုးစားပြင်ဆင်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းတင်ရမယ့်အချိန်ကာလပဲဖြစ်ပါတယ်။ အဆိုပါ အစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့မှုတွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးအတွက် လမ်းခင်းပေးမှုများဖြစ်ကြောင်း ပြည်သူနှင့်နိုင်ငံတကာက ယုံကြည်မျှော်လင့်လျက်ရှိနေပါတယ်။ အစိုးရသစ်က လုပ်ငန်းတာဝန်များကို ချောမွေ့စွာဆက်လက်ထမ်းဆောင်နိုင်ရန်အတွက် စနစ်တကျတာဝန်လွှဲပြောင်းခြင်းကို အာရုံစိုက် ညှိနှိုင်းလုပ်ဆောင်ရမယ့်အချိန်လည်းဖြစ်ပါတယ်။ သို့သော် အသွင်ကူးပြောင်းရေးကာလမှာ အထက် ဖော်ပြပါကဲ့သို့ကိစ္စရပ်များအား အများပြည်သူတွေရဲ့ အမြင်မှာရှုပ်ထွေးကာ မလိုလားအပ်သော သံသယများ၊ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေလျက်ရှိပါတယ်။ မြေအောက်သယံဇာတဆိုတာ non-renewable သို့မဟုတ် ပြန်လည်ဖြည့်စွမ်းနိုင်စွမ်းမရှိတဲ့ အမွေအနှစ်တွေလည်းဖြစ်ပါတယ်။ သဘာဝသယံဇာတကို ဈေးကွက်အရင်းအမြစ်နဲ့ ဒေသအကျိုးရှိမှုအားလုံးအပေါ် လေ့လာစဉ်းစား ထုတ်ယူပါမှသာ အားလုံးအတွက် နိုင်ငံတော်မှာ နတ်လူသာဓုခေါ်နိုင်တဲ့ သုံးစွဲမှုမျိုးဖြစ်ပါတယ်။ ကျွန်မတို့ ယနေ့သုံးစွဲနေတဲ့အရင်းအမြစ်တွေဟာ အနာဂတ်မျိုးဆက်သစ်များရဲ့ရပိုင်ခွင့်ကို မထိခိုက် စေမှသာ ထိုက်တန်တဲ့ရလဒ်ဖြစ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတည်ဆောက်နိုင်ရေးအတွက် ၂၀၁၀ ခုနှစ် အစိုးရက မှန်ကန်သောကြိုးစားမှုများနှင့် ရလဒ်များရှိခဲ့ကြောင်း မှတ်တမ်းတစ်ရပ်တင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ မှတ်တမ်းရဲ့နောက်ဆုံးရက်သတ္တပတ်များအတွင်းမှာ ဆောင်ရွက်ချက်တွေဟာ ဥပဒေနည်းလမ်းစည်းကမ်းများနှင့်ညီညွတ်ခြင်း၊ တရားမျှတမှုအပေါ်လေးစားခြင်း၊ စေတနာမှန်ကန်ခြင်းတို့ဖြင့် အရောင်တင်ကာ ကောင်းသောသမိုင်းကိုရေးထိုးခြင်းကို ကျွန်မတို့အနေနဲ့ ဝမ်းသာလှိုက်လှဲစွာကြိုဆိုမှတ်တမ်းတင်လိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ သို့ဖြစ်ပါ၍ ကျွန်မရဲ့အရေးကြီးအဆိုဖြစ်သော နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလို

ငှားရမ်းလွှဲပြောင်းရောင်းချမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆော တလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံတော်ပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးစီးပွားအတွက် အသေးစိတ်စိစစ် ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီး အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များ မင်္ဂလာနေ့လယ်ခင်းလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးကြီးအဆိုမှာ ပါဝင်နေတဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲပြီးနောက်ပိုင်းကာလတွေမှာ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ အလျင်စလို အဆောတလျင်ဆောင်ရွက်နေမှုများဟာ လူသိများတဲ့ အချက်အလက်တွေပေါ်မှာ အခြေခံထားတဲ့ အတွက် အကြောင်းအရာပိုင်းအနေနဲ့ ကျွန်တော်အထူးတလှယ် ပြောစရာမရှိပေမယ့် အဆိုပါ လုပ်ဆောင်ချက်များဟာ တာဝန်လွှဲပြောင်းမှု ကာလလေးလအတွင်း မကြာခင်ဖြစ်ထွန်းပေါ်ပေါက် လာမယ့် အစိုးရအသစ်အတွက် ကောင်းမွန်တဲ့ လမ်းခင်းပေးမှုတွေမဟုတ်တာကတော့ သိသာထင်ရှား နေပါတယ်။ ယခုအရေးကြီးအဆိုပါ လုပ်ဆောင်ချက်များဟာ နောင်လာမယ့်အစိုးရအတွက် အကြပ် အတည်းအခက်အခဲတွေ၊ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာနိုင်စရာရှိနေတယ်လို့လည်း ဆင်ခြင်သုံးသပ် မိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာ ဒီမိုကရေစီအစိုးရများရဲ့ အတုယူစရာ၊ လေးစားစရာ အစဉ်အလာကောင်းတစ်ခုကတော့ ယခုလို အစိုးရအပြောင်းအလဲ စပ်ကူးမက်ကူးကာလတွေမှာ ချမှတ်နိုင်ရှိတဲ့ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို နောင်ဖြစ်ထွန်းပေါ်ပေါက်လာမယ့်၊ ဆက်ခံမယ့်အစိုးရသစ်ရဲ့ ဦးဆောင်မည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးအသိပေးပြီးမှသာ ချမှတ်လေ့ရှိတယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ ယခုဆိုရင်လည်း နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီဆိုတာကလည်း ရှိနေပြီမို့ အရေးကြီးတဲ့ ကတိ/ကဝတ်များ၊ စာချုပ်စာတမ်းများ၊ အရေးယူဆောင်ရွက်ချက်များအပေါ် နောင်လာမယ့်ဖြစ်ထွန်းပေါ်ပေါက်လာမည့် အစိုးရသစ်နှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုပြီးကောင်းမွန်တဲ့ ရလဒ်တွေ ရရှိလာမှာဖြစ်သလို မြန်မာ့ဒီမိုကရေစီအတွက် လမ်းခင်းပေးရေး အစဉ်အလာကောင်းတွေ ထားရစ်ခဲ့ပါတယ်လို့ မကြာခဏ လက်မထောင်ကြွေးကြော်နေတဲ့ ၂၀၁၀ အစိုးရအတွက်လည်း ကြီးမားတဲ့ဂုဏ်သိက္ခာထပ်ဆောင်းရရှိစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဒီအချိန်ဟာ အခုလို စီမံကိန်းအသစ်တွေ အရေးတကြီးလက်မှတ်ထိုးနေဖို့ လူနေအိမ်ခြေတွေကို အတင်းအဓမ္မ ရွှေ့ပြောင်းနေဖို့ နိုင်ငံပိုင်လုပ်ငန်းတွေကို ဇွတ်အတင်းလွှဲပြောင်းဖို့ အလောတကြီးလုပ်နေရမယ့် အချိန်မဟုတ်ဘဲ တစ်နေ့ကလွှတ်တော်မှာ အရေးတကြီးတင်သွင်းတဲ့အဆိုလို နီးကပ်လာတဲ့ သဘာဝဘေးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ကျော်လွှားရင်ဆိုင်နိုင်ဖို့ လက်ရှိအစိုးရအနေနဲ့ အစွမ်းကုန်ကြိုးစား ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကသာလျှင် နောင်လာမယ့်အစိုးရအတွက် လမ်းခင်းပေးရင်း ပြည်သူလူထုရဲ့ ကျေးဇူးတင်ဝမ်းမြောက်မှုကို ရရှိနိုင်မယ်ဖြစ်တယ်ဆိုတာ ထပ်လောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရတစ်ရပ်ရဲ့ တာဝန်ထမ်းဆောင်နေတဲ့ကာလအတွင်းမှာ စွမ်းစွမ်းတမံ အားထုတ်ကြိုးစားခဲ့ကြပေမယ့် လစ်ဟာချက်တွေ၊ မအောင်မြင်မှုတွေ အမှားအယွင်းမကင်းဖြစ်တတ်ကြတာ ဖြစ်နိုင်ကြတယ်ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် မိမိတို့ရဲ့ကောင်းမွန်တဲ့သမိုင်းကြောင်းကို အခုလို ကူးပြောင်းရေးကာလမှာ ပိုပြီး လှလှပပစေတနာထားတည်ဆောက်သွားမယ်ဆိုရင် အင်မတန်မှ မျက်နှာပန်းလှပြီးတစ်သက်လုံး ဂုဏ်ယူစရာ၊ တာဝန်ကျေပွန်မှုအဖြစ် သမိုင်းမှတ်တမ်းတင် ကျန်ရစ်ခဲ့မှာဖြစ်ပါကြောင်း ပြောကြားရင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်

စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလိုငွားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုမှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားနေမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ သဘောတူညီနိုင်းမှုများမပြုလုပ်ပဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှုစသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ် စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်က လက်ခံအတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်းဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆော တလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီမှုများ မပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ် ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုကို ဆက်လက်ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံရင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဥက္ကဋ္ဌ ။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၂ မဲနှင့် ကြားနေဆန္ဒမဲ ၃ မဲတို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက သုံးပုံတစ်ပုံကျော်တဲ့အတွက် ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော

နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလိုငှားရမ်းရောင်းချ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အစမွှဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ သဘောတူမှုများမပြုလုပ်ပဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာပြဋ္ဌာန်းချက်များကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည် -

(က) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု၊ ဈေးကစားမှုပြုလုပ်ခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင်ကူညီရမည်။

(ဂ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(ဃ) စီမံကိန်းများ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်း

လိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီ ဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ထားသည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်း ရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ

ပေးပို့ခွင့်မရှိ။

( င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန်

ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြုသမှု လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်

ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်၏ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင် ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများ မပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ် စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စောစောက အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဖြစ်သော ၂၆-၂-၂၀၁၆ ရက်နေ့(သောကြာနေ့)မှာ ဆက်လက်ဆွေးနွေးမှာဖြစ်တဲ့အတွက် ဆွေးနွေးလို ကြတဲ့ ကိုယ်စားလှယ်များရှိပါက ယနေ့ ၂၅-၂-၂၀၁၆ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြပါရန် အသိပေး တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

မူကြမ်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဦးခင်အေး | နတ်တလင်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်စိုး | ဝမ်းတွင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၃) | ဦးသာချို(ခ)ဦးတင်ကြိုင် | ရေနံချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးစိုးမြင့် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးရဲလွင် | အလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာဒေါ်ကြည်မို့မို့လွင် | စဉ့်ကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးအောင်လှိုင်ဝင်း | မင်္ဂလာဒုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးလုံဂျူဆန်မိုင် | ဆွမ်ပရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးငွေမင်းသိန်း | ကြို့ပင်ကောက်မဲဆန္ဒနယ်နှင့် | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါတယ်။

စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခင်အေး၊ နတ်တလင်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်စိုး၊ ဝမ်းတွင်းမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**မူကြမ်း**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်များကို ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်၊

(ခ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့ကို ကူညီဆောင်ရွက်ရ မည်၊

(ဃ) ဘာသာ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်ရမည်၊

(င) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ များကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်၊

မူကြမ်း

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း လိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများမှ ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်၊

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း

ဖိတ်ကြား၍ ကျင်းပနိုင်၏။ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေ ခြင်းပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်များအားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက

ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးသည့်နောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်း ရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပေးပို့ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြိုးအကြောင်းဖော်ပြချက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်ကာလ၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရ ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကိုတြင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပစ်မှုစီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဦးအောင်ထွန်းခိုင် (ခ) ဦးချိန်ဝင်း | ရေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးတင်စိုး | ဖားကန့်မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၃) | ဦးဌေးလွင် (ခ) ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးပေါလ်ဆိုင်း | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးလွင်ကိုလတ် | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်မှူးကြီးထွန်းသန်းအုန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါတယ်။

**မူကြမ်း**

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးအောင်ထွန်းခိုင် (ခ) ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးတင်စိုး၊ ဖားကန့်မဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကနိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့် အရေးဆိုင်ရာကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာပြဋ္ဌာန်းချက်များကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းကိုစတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များ ကိုသင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ခ ) နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

( ဂ ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ နေရမည်။

( င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည် ။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း၊ ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့

ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသော ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော် က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ကော်မတီဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကြောင်းအကျိုးဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန်၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် စရိတ်၊ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ် ခွင့်ရှိသည်၊

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| ၁။ | ဦးစော | ညောင်ဦးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းမြင့်အောင် | ဒီပဲယင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |
| ၃။ | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၄။ | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဦးစိုင်းမွန်း | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၇။ | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၂။ | ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၃။ | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၄။ | ဒေါ်သန္တာ | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် နှင့် |

၁၅။ ဗိုလ်မှူးကြီးမင်းသန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင် တို့ ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးစော၊ ညောင်ဦးမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းမြင့်အောင်၊ ဒီပဲယင်းမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**